၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ

သမိုင်းကြောင်းနှင့်ယှဉ်တွဲလျက်ရှိသည့် တပ်မတော်၏မွန်မြတ်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း
နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့်အမျိုးသမီးအရာရှိကောင်းများဖြစ်လာရေး အမြဲကြိုးစားအားထုတ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ကောင်းရောင်း ကောင်းဝယ်

မိမိတို့နိုင်ငံအဖို့ စက်သုံးဆီသည် ပြည်ပမှတင်သွင်းနေရသည့် အရေးကြီးကုန်စည်တစ်ခုဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ကမ္ဘာ့ရေနံစိမ်းဈေးကွက်အခြေအနေ စသည်တို့ပေါ်တွင် မူတည်၍ စက်သုံးဆီဈေးနှုန်း အတက်အကျများက ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံများဆီသို့ ဆက်လက်ရိုက်ခတ်ပြီး ပြည်တွင်း၌လည်း စက်သုံးဆီဈေးနှုန်းအတက်အကျတို့ ဖြစ်ပေါ်သည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံတွင် မရှိမဖြစ်သုံးစွဲနေရသည့် ပစ္စည်းဖြစ်သည့်အလျောက် ပြတ်လပ်မှုမဖြစ်စေရန် စီမံဆောင်ရွက်ထားရသည်။

ပြည်တွင်းသို့ စက်သုံးဆီတင်သွင်းရာတွင် နှစ်စဉ်အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော် နှစ်ထောင်ခန့် သုံးစွဲနေရပြီး တင်သွင်းလာသော စက်သုံးဆီများ၏ ၉၅ ရာခိုင်နှုန်းကို သယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် လည်းကောင်း၊ ကျန် ၅ ရာခိုင်နှုန်းခန့်ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် လည်းကောင်း သုံးစွဲသည်ဟု သိရသည်။ စက်သုံးဆီဈေးနှုန်း အတက်အကျသည် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် အနည်းအများကို ဖြစ်စေပြီး ပြည်တွင်းကုန်ဈေးနှုန်းအပေါ်တွင် သက်ရောက်မှုဖြစ်ပေါ်စေခြင်းကြောင့် ပုဂ္ဂလိကစက်သုံးဆီလုပ်ငန်းရှင်များ၏ စက်သုံးဆီတင်သွင်းမှု၊ သယ်ယူပို့ဆောင်မှု၊ ဖြန့်ဖြူးရောင်းချမှုတို့ စနစ်တကျဖြစ်စေရန် နိုင်ငံတော်က ကြပ်မတ်ထိန်းကျောင်းပေးလျက်ရှိသည်။

နိုင်ငံ၏အရေးကြီးကုန်စည်ဖြစ်သည့် စက်သုံးဆီနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့်လအနည်းငယ်အတွင်း မသမာသူတို့က ကောလာဟလများ အကြိမ်ကြိမ်ထုတ်လွှင့်ခဲ့ကြသည်။ ပြည်တွင်း၌ နိုင်ငံခြားငွေပြတ်လပ်မှုကြောင့် ပြည်ပမှ စက်သုံးဆီဝယ်ယူတင်သွင်းနိုင်ခြင်းမရှိတော့ကြောင်း၊ စက်သုံးဆီပြတ်လပ်တော့မည်ဖြစ်ကြောင်း စသည်ဖြင့် ပြည်သူလူထုအတွင်း စိုးရိမ်စိတ်ဖြစ်ပေါ်လာစေရန် ပြုလုပ်ကြခြင်းဖြစ်သည်။ ဘဏ်များတွင် ငွေပြတ်လပ်နေပြီး ဘဏ်များ ပြိုလဲတော့မည်ဆိုသည်များလည်း ပါဝင်သည်။ နိုင်ငံပိုင်မီဒီယာများက ကောလာဟလများ မဟုတ်မမှန်ကြောင်း မည်မျှပင်ရှင်းလင်းဖော်ပြပေးနေစေကာမူ စက်သုံးဆီပြေးဝယ်၍ စုသူကစုသည်။ တစ်ယောက်လုပ်သည်ကို နောက်လူတို့က မြင်၍ လိုအပ်ချက်ကြောင့်မဟုတ်ဘဲ လက်ထဲရှိမှ စိတ်ချရမည်ဟူသော အတွေးဖြင့် ဝယ်ယူစုဆောင်းရာမှ ပုံမှန်မဟုတ်သော ဝယ်ယူမှုဖြစ်ပေါ်လာသည်။ Demand ကို Supply က မဖြည့်ဆည်းပေးနိုင်တော့။

မဖြစ်သင့်ဘဲ အကျပ်အတည်းဖြစ်လာသည့်အခါ မှောင်ခိုဈေးကွက်က ထုံးစံအတိုင်း ဖြစ်ပေါ်လာသည်။ ဆိုင်ဈေးတစ်လီတာ ကျပ် ၂၅၀၀ ဝန်းကျင်ရှိ စက်သုံးဆီကို ၄၀၀၀၊ ၆၀၀၀၊ ၈၀၀၀ စသည်ဖြင့် ရောင်းချကြသည်ဟု ကြားသိရသည်။ လက်ရှိအခြေအနေတွင် စက်သုံးဆီဆိုင်များ၌ ရှည်လျားစွာ တန်းစီနေကြသည့် ကားတန်းကြီးများမြင်ကွင်းတို့ ပျောက်ကွယ်သွားပြီဖြစ်သည်။ တာဝန်သိသိ၊ သိက္ခာရှိရှိ၊ သမ္မာအာဇီဝစိတ်ဓာတ်ဖြင့် ပွင့်လင်းမြင်သာစွာရောင်းချသည့် စက်သုံးဆီလုပ်ငန်းရှင်ကြီးများ၏ ဆောင်ရွက်ချက်ကို အသိအမှတ်ပြုရမည်ဖြစ်သကဲ့သို့ မသမာမှုပြုကြသည့် ဝိသမလောဘသမားများကို ဖော်ထုတ်ရှုတ်ချရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြို့နယ်အချို့ရှိ စက်သုံးဆီအရောင်းဆိုင် ၁၆ ဆိုင်တွင် စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်း၊ ခွင့်ပြုချက်မရဘဲ ဆီသယ်ယာဉ်ဖြင့် အခြားနေရာများသို့ သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဌာနဆိုင်ရာတာဝန်ရှိသူများက စိစစ်တွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ အရေးယူမှုများပြုလုပ်ခဲ့ရပြီး ဆက်လက်၍လည်း စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်း ထောင်နှင့်ချီသော အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရထားသူများအနေဖြင့် ထိုက်သင့်သော အကျိုးအမြတ်များကိုရယူကာ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာအောင် ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံနှင့် ပြည်သူကို အကျိုးပြုကြရမည်ဖြစ်သည်။ ဝိသမလောဘဖြင့် မတရားအကျိုးအမြတ်ရှာဖွေခြင်းက နိုင်ငံ၏ပုံရိပ်ကို ကျဆင်းစေပြီး ပြည်သူလူထုကို အကျပ်အတည်းဆိုက်စေသကဲ့သို့ မိမိတို့ကိုလည်း တန်ပြန်သက်ရောက်စေနိုင်သည်ဟု သတိချပ်ကြရမည် ဖြစ်ပါကြောင်း။ ။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေး ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့မှုမှရရှိသော ပို့ကုန်ရငွေဖြင့် စက်သုံးဆီ တင်သွင်းရာတွင် ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းမှ ပေးချေရမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့မှုမှ ရရှိသော ပို့ကုန်ရငွေဖြင့် စက်သုံးဆီတင်သွင်းရာတွင် ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းမှ ပေးချေရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်၊ စက်မှုအသင်းချုပ်(UMFCCI)၏ အသိပေးချက်အရ သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောက်ခွန်ဦးစီးဌာနမှပေးပို့လာသော ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့်ပြောင်းတင်ပို့သည့် ကုမ္ပဏီတစ်ခုချင်း၏ ပို့ကုန်ကြေညာလွှာ (Export Declaration) စာရင်းများကို သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်များသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်တင်ပို့သူသည် ကုမ္ပဏီ၏ ပို့ကုန်ကြေညာလွှာ (Export Declaration) အရ သတ်မှတ်ရက်အတွင်း ဝင်ရောက်လာသည့် ပို့ကုန်ရငွေ၏ ၃၀ ရာခိုင်နှုန်းအနက်မှ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် AD လိုင်စင်ရဘဏ်များက မြန်မာကျပ်ငွေဖြင့် တစ်ရက်အတွင်း လဲလှယ်ပေးမည်ဖြစ်ပြီး ၆၅ရာခိုင်နှုန်းအား နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading Platform) တွင် ဖြစ်ပေါ်နေသော ဈေးကွက်ပေါက်ဈေးဖြင့် AD လိုင်စင်ရဘဏ်များတွင် ရောင်းချရမည်ဖြစ်ကာ ကျန်ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို သွင်းကုန် (စက်သုံးဆီ)တင်သွင်းခြင်းအတွက် ပြည်ပသို့ပေးချေရန် ကုမ္ပဏီ၏ နိုင်ငံခြားငွေစာရင်းတွင် ထည့်သွင်းထားရှိပေးမည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။

ကုမ္ပဏီသည် ကိုယ်တိုင်စက်သုံးဆီတင်သွင်းခြင်းဖြစ်ပါက သွင်းကုန်အတွက်ပေးချေရာတွင် ကုမ္ပဏီ၏ နိုင်ငံခြားငွေစာရင်းရှိ အဆိုပါ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းမှ ပေးချေရန်ဖြစ်ကာ စက်သုံးဆီတင်သွင်းသော ကုမ္ပဏီသို့ နိုင်ငံခြားငွေ (ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့ခြင်းမှ ရရှိထားသော ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်း) အား ရောင်းချမည်ဆိုလျှင် သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်များမှ Online Trading Platform တွင် တင်ပြ၍ အရောင်းအဝယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ရောင်းချသူ၏ နိုင်ငံခြားငွေစာရင်းမှ ဝယ်ယူသူ၏ နိုင်ငံခြားငွေစာရင်းသို့ လွှဲပြောင်းပေးရန်နှင့် မတူညီသောဘဏ်များအကြား လွှဲပြောင်းခြင်းကိုလည်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းမည့် ကုမ္ပဏီမှ လိုင်စင်လျှောက်ထားရာတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့ရာမှ ပို့ကုန်ရငွေရရှိထားကြောင်း သို့မဟုတ် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့သည့် ကုမ္ပဏီမှ ပို့ကုန်ရငွေအား ဝယ်ယူထားကြောင်း အထောက်အထားအဖြစ် AD လိုင်စင်ရဘဏ်များမှ ထုတ်ပေးသည့် Credit Advice နှင့် Bank Statement မူရင်းအား တင်ပြရမည်ဖြစ်ကြောင်းလည်း သိရသည်။

သစ်တော်

မင်္ဂလာတောင်ညွန့်မြို့နယ်ဈေးများတွင် မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဈေးများတွင် ဒီဇင်ဘာ၂၀ ရက် နံနက်ပိုင်းက မီးဘေးကြိုတင် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်စက်ရုံလမ်းရှိ မင်္ဂလာဈေးဝင်းအတွင်း ရွှေမင်္ဂလာ ဈေး၊ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်၊ ရွှေမင်္ဂလာဈေးများရှိ ဈေးတာဝန်ခံများ၊ ဝန်ထမ်းများ၊ ဈေးသူဈေးသားများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေလင်းဦးနှင့် သန္နေတပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းများ ဆောင်ရွက်သည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ရတနာပုံတက္ကသိုလ်တွင် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

မန္တလေး ဒီဇင်ဘာ ၂၂

ရတနာပုံတက္ကသိုလ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ် စာပေနှင့် အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ထွေးရီ ပါမောက္ခ (ဌာနမှူး) အရှေ့တိုင်းပညာဌာနက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက် ပညာသင်ကြားနေသည့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူခုနစ်ဦးတို့က ခေါင်းစဉ်ငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက အားပေးကြည့်ရှုကြကြောင်း သိရသည်။

တင်မောင် – မန်း

မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသောအချိန်ကာလဖြစ်သည်။

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]

မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ - ဦးအောင်မြတ်မင်း

ချီတက်အလေးပြု

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ချီတက်အလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းယုယုနိုင်အား အကောင်းဆုံးဗိုလ်လောင်းဆုပေးအပ်ချီးမြှင့်သည်။

☆ တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ အဓိကအင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရပြီး နိုင်ငံ၏ သမိုင်းနှင့်တပ်မတော်၏သမိုင်းသည် တစ်ထပ်တည်း တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်

☆ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင်ကာကွယ်စောင့်ရှောက်လာခဲ့သည့်၊ အစဉ်အလာကြီးမားသည့်တပ်မတော်ဖြစ်သဖြင့် တပ်မတော်၏သမိုင်းကြောင်းနှင့် အစဉ်အလာများကို သိရှိနားလည်ထားကြရန်လိုအပ်မည်

လေ့ကျင့်မွေးထုတ်ပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **"နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင်အမျိုးသမီးစစ်မှုထမ်းများပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်းအရာရှိများအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်" ဟူသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေသည် နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်ရှိသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်ရေးစွမ်းအားတည်ဆောက်ရေးတို့တွင် မျိုးချစ်စိတ်ဖြင့် ပါဝင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထုပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် လေ့ကျင့်မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ အဓိကအင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရပြီး နိုင်ငံ၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းသည် တစ်ထပ်တည်း တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့်တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လာခဲ့သည့်၊ အစဉ်အလာကြီးမားသည့်တပ်မတော်ဖြစ်သဖြင့် တပ်မတော်၏ သမိုင်းကြောင်းနှင့် အစဉ်အလာများကို သိရှိနားလည်ထားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

အဓိကအခန်းကဏ္ဍမှ ပါဝင်

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများမှ လွတ်လပ်ရေးရသည်အထိ ပြည်သူကို ဦးဆောင်လက်တွဲပြီး တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခေတ်အဆက်ဆက် အစိုးရများနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များ၊ တစ်နည်းအားဖြင့် နိုင်ငံ့အရေးများကို သမိုင်းပေးတာဝန်များအရ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ရကြောင်း။

တိုင်းပြည်အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို *စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

စာမျက်နှာ ၃ မှ

ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်၏သမိုင်းကြောင်းနှင့် အစဉ်အလာကောင်း များကို သိရှိအောင်လေ့လာပြီး အသက်ပေး စောင့်ထိန်းသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့

မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏စွမ်းဆောင်ရည်အချို့ကို ပြန်လှေ့လာကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှ စပြီး တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်တွင်လည်း များစွာအရေးပါခဲ့သည်ကို တွေ့ရကြောင်း၊ ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်တွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့ကြကြောင်း။

တာဝန်များကို ကျေပွန်စွာထမ်းဆောင်

ယနေ့မျက်မှောက်ကာလတွင်လည်း လူမှုရေး၊ စီးပွားရေးနယ်ပယ်များနှင့် အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့်စစ်ပညာ၊ ခေါင်းဆောင်မှုပညာရပ်များနှင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများကိုအခြေခံပြီး ပေးအပ်လာမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

☆ မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လေ့လာကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှစပြီး တွေ့မြင်နိုင်မည်ဖြစ်

☆ ယနေ့မျက်မှောက်ကာလတွင်လည်း လူမှုရေး၊ စီးပွားရေးနယ်ပယ်များနှင့် အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာ ပေါ်ထွက်ခဲ့၊ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့်စစ်ပညာ၊ ခေါင်းဆောင်မှုပညာရပ်များနှင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများကို အခြေခံပြီး ပေးအပ်လာမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ယုယုနိုင်အား အကောင်းဆုံးဗိုလ်လောင်းဆုပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်သားအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မပါဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်ကို ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များနှင့် ဝင်ရောက်လာခဲ့ကြသည့်သူများဖြစ်ပြီး တပ်မတော်မှလည်း အမျိုးသမီးစစ်မှုထမ်းကောင်းများဖြစ်စေရန် အဘက်ဘက်က လေ့ကျင့်ပေးလိုက်ပြီးဖြစ်သဖြင့် တာဝန်ထမ်းဆောင်ချိန် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံရန် လိုအပ်မည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် မိမိတို့၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်သွားကြရန်နှင့် အမျိုးသမီးစစ်မှုထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အသိပေးမှာကြားလိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍမြှင့်တင်ရန်အတွက် တပ်မတော်ကို သမားရိုးကျစစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရန်အတွက် လေ့ကျင့်ရေးသည်မရှိမဖြစ်လိုအပ်ပြီး စွမ်းရည်စွမ်းအားရှိသည့်၊ အရည်အချင်းရှိသည့်တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

အရည်အသွေးမြှင့်တင်

ထိုသို့တည်ဆောက်သည့်နေရာတွင် တပ်မတော်သားအားလုံး၏ ကျန်းမာကြံ့ခိုင်မှု၊ စစ်နည်းဗျူဟာကျွမ်းကျင်မှုနှင့် ပညာရည်မြင့်မားစေရေး စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ စစ်နည်းဗျူဟာအတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများသည် နေ့စဉ်နှင့်အမျှတီထွင်ပြောင်းလဲတိုးတက်နေသည့်အလျောက် လေ့ကျင့်ရေးပိုင်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အရည်အသွေးမြှင့်တင်သွားကြရမည်ပင်ဖြစ် ကြောင်း၊ နည်းပညာဖွံ့ဖြိုးမှုနှင့်အတူပေါ်ပေါက်လာသည့် စစ်လက်နက်၊ စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချနိုင်ရန်အတွက် လေ့ကျင့်နေကြရမည်ဖြစ်သကဲ့သို့ လက်တွေ့စစ်မြေပြင်တွင် ရန်သူကိုရင်ဆိုင်တိုက်ပွဲဝင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိနေစေရန်လည်း အမြဲလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း။

စစ်သည်တစ်ဦးချင်းစီ၏ ပြုမူပြောဆိုနေထိုင်မှုများသည် တပ်မတော်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည့်အတွက် တစ်ဦးချင်းစီက စည်းကမ်းနှင့်အညီ နေထိုင်ပြုမူ ကျင့်ကြံကြရန်လိုအပ်ကြောင်း၊ အဖွဲ့အစည်းတစ်ခုသည် စည်းကမ်းလိုက်နာမှုနှင့် အကျင့်စာရိတ္တအားနည်းလာပါက ပျက်စီးမှုအမျိုးမျိုးဖြင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် ထုတ်ပြန်ထားသည့်အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းပြီး တပ်မတော်သားကောင်း ပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိတာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ **ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက် ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏အစပင်ဖြစ်**ကြောင်း၊ ခေါင်းဆောင်လုပ်သူသည် ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနှင့် တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိခြင်း၊ ကွပ်ကဲမှုနှင့် ကြီးကြပ်မှုကောင်းခြင်း၊ ဗဟုသုတကြွယ်ဝပြီး လေ့လာလိုစိတ်ရှိခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း၊ စိတ်ဓာတ်ကောင်းခြင်း၊ သစ္စာရှိခြင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံခြင်း၊

စာမျက်နှာ ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ယုယုနိုင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း ကြည်ဇာဟိုစိမ့်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေရည်ဝင်းနှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေဝတ်မှုန်ဦးတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

စာမျက်နှာ ၄ မှ

စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ခြင်း စသည့်ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မိမိကိုယ်ကို စောင့်ထိန်းနေထိုင်

"သွားသင့်သည့်နေရာကိုသာ သွားရန်၊ ပေါင်းသင့်သည့်သူကိုသာ ပေါင်းရန်၊ လုပ်သင့်သည့်အလုပ်ကိုသာ လုပ်ရန်နှင့် ပြောသင့်သည်ကိုသာ ပြောရန်" ဟူသည့် သင့် ၄ သင့်ကို လိုက်နာကျင့်သုံးပြီး ဘဝတစ်လျှောက် ကိုယ်ကျင့်တရားကောင်းသည့် အရာရှိများဖြစ်အောင် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန် ကျရာတာဝန်များ၌ ကျေပွန်စွာထမ်းဆောင်ပြီး ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မကြာခင်တွင် ပြန်တမ်းဝင်အရာရှိငယ်များအဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရတော့မည်ဖြစ်ပြီး ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်ရမည့်အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့် ကွပ်ကဲမှုပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ **မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်ရမည့် တပ်ရင်း၊ တပ်ဖွဲ့နှင့်ဌာနချုပ်များတွင် နေ့စဉ်လုပ်ဆောင်နေကြရသည့် အုပ်ချုပ်မှုလုပ်ငန်းတာဝန်များရှိပြီး ယင်းတာဝန်များကို ထမ်းဆောင်ရာတွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာရုံးလုပ်ငန်းများကို ဦးစီးတာဝန်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း။

တပ်မတော်သည် ပြည်သူကပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သောကြောင့် မည်သည့်အခက်အခဲ၊ အတားအဆီးမျိုးကိုမဆို ပြည်သူနှင့်လက်တွဲပြီး တွန်းလှန်ကျော်ဖြတ်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူကအားကိုးရသည့် တပ်မတော်ဖြစ်အောင်လည်း အမြဲကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ **တပ်မတော်အနေဖြင့် သမိုင်းကြောင်းလိုအပ်ချက်အရယနေ့အချိန်အထိ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **"အမျိုးသားနိုင်ငံရေး" ဟူသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း စသည့်လောကီကောင်းကျိုး၊ သုခအဖြာဖြာကို ဖော်ဆောင်ပေးသည့်** လုပ်ငန်းများဖြစ်သည်ကို ပြောကြားလိုကြောင်း။

ထိန်းသိမ်းကာကွယ်စောင့်ရှောက်

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်သည့်စိတ်များနှင့် တပ်မတော်၏ကောင်းမြတ်သည့် အလေ့အကျင့်၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း၊ သမိုင်းကြောင်းနှင့် ယှဉ်တွဲလျက်ရှိသည့် တပ်မတော်၏ မွန်မြတ်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်၊ မိမိတို့၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်လုပ်ကိုင်ပြီး အမျိုးသမီးစစ်မှုထမ်းကောင်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာနှင့်စိတ်ပိုင်းဆိုင်ရာ အမြဲကျန်းမာကြံ့ခိုင်နေအောင် စဉ်ဆက်မပြတ်လေ့ကျင့်သွားကြရန်၊ **ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီလိုက်နာကျင့်ကြံနေထိုင်ပြီး မိမိကိုယ်တိုင်နှင့် မိမိရဲဘော်ရဲဘက်များ ကောင်းကျိုးအတွက် အမြဲရှေးရှုလုပ်ကိုင်သွားကြရန်၊** ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သည့်သူများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ **နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့်အမျိုးသမီးအရာရှိကောင်းများဖြစ်လာရေး အမြဲကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ဂုဏ်ပြုအမှာစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ယုယုနိုင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း ကြည်ဇာဟိုစိမ့်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေရည်ဝင်းနှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေဝတ်မှုန်ဦးတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခြေခံကောင်းများ ဆက်လက်ထိန်းသိမ်း

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ **ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် ကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ဆောင်ရွက်တတ်သည့်အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လို**ကြောင်း၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများအနေဖြင့် ဗိုလ်လောင်းသင်တန်းမတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့် အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ အခြေခံပညာအဆင့်၌ ပို့ချသင်ကြားခြင်း(Teaching) ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့်တက္ကသိုလ်၌ သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း(Studying)ကို အဓိကထားဆောင်ရွက်ကြကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခု ဗိုလ်လောင်းသင်တန်းတက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ထို့ပြင် ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းပေးခဲ့သည့် မိဘများ၏ကျေးဇူးကိုမမေ့ရန်နှင့် အကောင်းဆုံးကျေးဇူးဆပ်ခြင်းသည် မိဘများ၏ စကားကိုနားထောင်ခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို ချင့်ချိန်နိုင်စွမ်းဖြင့် မိမိဘဝလမ်းကို တည့်မတ်ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊ မိသားစုမှ ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ **တက္ကသိုလ်မှရရှိလာသည့် လူမှုဆက်ဆံရေးအတွေ့အကြုံများ၊ ဗိုလ်သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်းနှင့် မည်သည့်နယ်ပယ်တွင်မဆိုတိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်ချီးမြှင့်စဉ်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအမျိုးသမီးအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည်သင်တန်းဆင်းအမျိုးသမီးအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အမျိုးသမီးအရာရှိများနှင့်အတူ မြဝတီသဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မြဝတီခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းမင်းစိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

ခန့်အပ်လွှာများပေးအပ်

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

လေ့ကျင့်မွေးထုတ်ပေးနိုင်

ယနေ့ ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားသည် ကျောင်းဆင်း ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းများအား ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ် ပေးအပ်ခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအား တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀) အထိ လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီး အရာရှိများအနေဖြင့် သက်ဆိုင်ရာ (ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သဒ္ဒန်း-ဆင်သေ-ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီး

မင်းတုန်း ဒီဇင်ဘာ ၂၂

သဒ္ဒန်း-ဆင်သေ-ပုသိမ်-မုံရွာ ဆက်သွယ်ရေးလမ်း အရှည် ၁ ဒသမ ၄၀၇ ကီလိုမီတာကို ဖို့မြေ၊ ဖြတ်မြေ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် မြေနီခင်းခြင်း(၀/၇)မိုင်လုပ်ငန်းများ ဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၃၅ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းလမ်းပြီးစီးသွားပါက ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကိစ္စရပ်များအတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ကို နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၇၈) စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/- (ကျပ် နှစ်ဆယ့်ငါးသိန်း တိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

ဆက်သွယ်ရန်လိပ်စာ

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော် ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၄၄၈၁၂၇၉၀၇

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀)
သင်တန်းဆင်းဂုဏ်ပြုကဗျာ

ရည်မျှော်ကာလှမ်း၊ ထိုသည့်လမ်း

- မ တစ်ထောင်၊ တစ်ကောင်ဖွားတဲ့ အမျိုးသမီးစစ်သည်၊ ဘာမထိ တိုင်းပြည်ရန်စွယ်၊ ကာကွယ်မည်မှန်း လျှောက်လှမ်းခဲ့ပြီ၊ ထိုလမ်းဆီသို့ ...။
- အမျိုးသမီးအားမာန်၊ ဇွဲစိတ်သန်၍ မိနိုင်ငံတွက်၊ တို့ပေးဆက်မည် တစ်ဖက်တစ်လက်၊ မ, တို့လက်တွေ ပခက်လွှဲလက်၊ လက်နက်ကိုင်မည် ရွေးချယ်ကာမှန်း၊ တို့လှမ်းခဲ့ပြီ အနာဂတ်မှန်း၊ ထိုလမ်းဆီသို့ ...။
- ကျန်းမာကြံ့ခိုင်၊ ကျွမ်းကျင်ယုံကြည် စွမ်းရည်သုံးရပ်၊ ဖြောင့်မတ်ခိုင်တည် မ, တို့စွမ်းအင်၊ ဂုဏ်မြင့်တင်မည် ပါဝင်လျှောက်လှမ်း၊ ထိုလမ်းဆီသို့ ...။
- တပ်နှင့်ပြည်သူ၊ လက်တွဲကူ၍ တူညီစိတ်ဝမ်း၊ ထိုလမ်းဆီမှာ ...။
- အေးချမ်းသာယာ၊ ဝေဖြာတိုးတက် တွဲလက်ညီညီ၊ ထိုလမ်းဆီမှာ ...။
- နိုင်ငံအဝှမ်း၊ ငြိမ်းချမ်းသာယာ ကမ္ဘာ့အလယ်၊ တည်ဝင့်ထည်သော အမိမြန်ပြည်၊ ထိုလမ်းဆီမှာ ...။ ။

သီရိပြည့်စုံမေ

အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ ၁၇-၅-၂၀၂၄ ရက်နေ့ထိလည်းကောင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ၏ မြေအောက်ရေအခြေအနေပြ ဘူမိဗေဒမြေပုံကို ကုမ္ပဏီတစ်ခုကရေးဆွဲနေပြီး မျိုးဆက်သစ်များသို့ ပြန်လည်မျှဝေပေးရန် စီစဉ်နေ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ၏ မြေအောက်ရေအခြေအနေပြ ဘူမိဗေဒမြေပုံကို မြန်မာဘူမိနည်းပညာ တိုင်းတာရေးအုပ်စု (MGS Group) ကုမ္ပဏီက ရေးဆွဲနေပြီး မျိုးဆက်သစ်များသို့ ပြန်လည်မျှဝေပေးရန် စီစဉ်နေကြောင်း အဆိုပါမြေပုံကို ပြုစုနေသည့် ဦးအောင်မင်းသိန်းက ပြောသည်။

သောက်သုံးရေရရှိရေး

အဆိုပါမြေပုံကို ပြုစုရာတွင် ယခုနှစ်အတွင်း ၅၅ ရာခိုင်နှုန်းအထိပြီးစီးစေရေး ဆောင်ရွက်သွားရန် ရည်မှန်းထားပြီး လာမည့် မျိုးဆက်သစ်များအနေဖြင့် မြို့ပြနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေးတွင် မြေအောက်ရေအခြေအနေကို သိရှိနိုင်စေရန်ဖြစ်ကြောင်း သိရသည်။

မြေပုံပြုစုရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်၊ ကျေးရွာအသီးသီးသို့ ဘူမိရူပဗေဒနည်းပညာဖြင့် မြေအောက်ရေသုတေသနပြုဆောင်ရွက်ပြီးချိန်တိုင်း မှတ်တမ်းပြုစု၍ ဒေသတစ်ခု၏ မြေအောက်ရေစုအိုင်၊ ရေကြောစီးကြောင်းများ၊ အနက်ပေများ၊ ထုထည်များ၊ မြေလွှာစဉ်ကျောက်လွှာစဉ်မှတ်တမ်းများ ပြုစုရေးဆွဲထားကာ Geophysics အချက်အလက်၊ Geology အချက်အလက်များ ပေါင်းစပ်၍ GIS Mapping များဖြင့် မှတ်တမ်းယူကာ MGS GROUP မှ ပညာရှင်များက ပြုစုဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။



၅၅ ရာခိုင်နှုန်းပြီးစီးနိုင်

"လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်နေတာက မပြီးသေးဘူး။ တချို့တစ်ဝက်မှာပဲ မှတ်တမ်းတွေ ယူနိုင်တာပဲ ရှိသေးတယ်။ ဒီနှစ်အတွင်းကို ၅၅ ရာခိုင်နှုန်းလောက် ပြီးစီးနိုင်ပါတယ်။ စီးပွားရေးအရ ဆောင်ရွက်မယ့်ဟာဆို မပေးဘူး။ မြေအောက်ရေအတွက်ကို တက္ကသိုလ်က ကျောင်းသားတွေ၊ ဆရာ ဆရာမတွေက ပြီးပြီးသားအပိုင်းကနေ မျှဝေပေးပါဆိုပေးလို့ရတယ်။ စီးပွားရေးအရ သုံးစွဲမှာဆို ခွင့်မပြုပါဘူး။ နည်းပညာတက္ကသိုလ်တွေ၊ စိုက်ပျိုးရေးတက္ကသိုလ်တွေ စသည်ဖြင့် ကျွန်တော်တို့နိုင်ငံက တက္ကသိုလ်တွေကိုတော့ မျှဝေပေးသွားမှာပါ" ဟု ဦးအောင်မင်းသိန်းက ဆိုသည်။

မြေအောက်ရေ ခက်ခဲသောဒေသများ၌ ယခင်က စက်ရေတွင်းတူးရာတွင် မြေလွှာနှင့် ရေထုထည်ကို မသိသောကြောင့် သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်သည့်အခါ အခက်အခဲများတွေ့ရပြီး အားသာချက်များစွာရှိသည့် စနစ်သစ်ကို အသုံးပြုကာ အများပြည်သူအကျိုးရှိစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထက်ဦးမောင်
ဓာတ်ပုံ - MGS Group

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့သိုင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

❊ *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်အသီးသီးမှ ကျောင်းအုပ်ကြီးများ၊ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ နည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေနိုင်သည့် စွမ်းရည်ပြပြိုင်ပွဲတစ်မျိုးဖြစ်ကြောင်း၊ အားကစားပြုလုပ်ခြင်းကြောင့် ပထမဆုံးရရှိသည့် အကျိုးကျေးဇူးသည် တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်ရေးဆိုသည့် ကောင်းကျိုးပင်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် ကစားရသည့် အလေ့အထမှတစ်ဆင့်အချင်းချင်းစည်းလုံးညီညွတ်မှု တစ်နည်းအားဖြင့် စုပေါင်းစိတ်ဓာတ်ကိုရရှိစေပြီး ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်၊ အမျိုးသားရေးဂုဏ်ကို ဆောင်ကြဉ်းလိုသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထက်သန်လာစေမည်ဖြစ်ကြောင်း။

လူငယ်များအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရေး အစဉ်တစိုက်ကြိုးပမ်းမြှင့်တင်နေရမည်

အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြရမည့် ယနေ့လူငယ်များအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံစေရေးကို အစဉ်တစိုက် ကြိုးပမ်းမြှင့်တင်တည်ဆောက်နေကြရမည်ဖြစ်ကြောင်း၊ "ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးဘက်စုံပညာရေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရန်လိုအပ်ကြောင်း။

ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ထိထိရောက်ရောက် အထောက်အကူပြုနိုင်မှုသည် ကိုယ်လက်လှုပ်ရှား အားကစားပင်ဖြစ်ကြောင်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အားကစားနှင့် ပညာရေးတို့သည် ခွဲခြားမရသည့် အရာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားဝန်ကြီးဌာနကို အဆင့်မြှင့်တင်ပြီး လူငယ်ကဏ္ဍကိုပါ ဦးစားပေး လုပ်ဆောင်နိုင်အောင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြု

ယခုနှစ်တွင် ထူးခြားချက်မှာ ဇုန်အဆင့်တွင် အသင်းလိုက်ရွေးချယ်ခြင်းမျိုး မဟုတ်ဘဲ ဇုန်အဆင့်ယှဉ်ပြိုင်သူကျောင်းသားအားလုံးထဲကမှ လက်ရွေးစင်များ ရွေးချယ်ပြီး ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်၍ ယခုလို ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် မောင်တို့မယ်တို့၏ ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ထိုသို့ ဒီဂရီကောလိပ်အဆင့်၊ ဇုန်အဆင့်၊ ဗဟိုအဆင့် အားကစားပွဲများ ကျင်းပပေးခြင်းအားဖြင့် ကျောင်းသားခြင်းကြောင့် ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်နှင့် ကောလိပ်များမှ ထူးချွန်အားကစားသမားများ ပေါ်ထွန်းမှုကိုကြည့်ပါက စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းမှ လက်ရွေးစင်များဖြစ်ကြသည့် ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်၊ အောင်ခင်၊ ကက်နက်ရှိန်၊ တင်မောင်၊ စိုးမြင့်၊ စောဦး၊ မောင်ပြုံး၊ ကျော်ကျော်၊ မောင်မောင်၊ ငွေကိုင်၊ ဂျွန်တင့်၊ ဘန်နီတင်အောင်၊ ခင်မောင်ဝင်း၊ ခင်မောင်ဖော်၊ ဘမောင်တို့သည် မြန်မာလူငယ်လက်ရွေးစင်အသင်း၊ လူကြီးလက်ရွေးစင်အသင်းတို့တွင် ပါဝင်ကစားခဲ့ကြသည့် ပရိသတ်အသည်းစွဲ နာမည်ကျော်ကစားသမားများပင် ဖြစ်ကြကြောင်း၊ ပါဝင်ယှဉ်ပြိုင်ခဲ့သူများ ဖြစ်ကြကြောင်း။

၁၉၆၂ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့သည့် တင်မောင်နီနှင့် ၁၉၆၉ ခုနှစ် ရန်ကုန်ကျွန်းဆွယ်ပြိုင်ပွဲတွင် တစ်ဦးတည်း ရွှေတံဆိပ်သုံးခု ဆွတ်ခူးနိုင်ခဲ့သည့် နန္ဒကျော်စွာတို့သည် ဆုတံဆိပ်များစွာ ဆွတ်ခူးခဲ့သည့် တက္ကသိုလ် ရေကူးအားကစားသမားများဖြစ်ကြကြောင်း၊ ကြက်တောင်တွင် မောင်လှ၊ ကျော်ထွန်း၊ မြင့်မြင့်ခင် (မန္တလေး) တို့မှစကာ မြလေးစိန်အထိ မြန်မာ့လက်ရွေးစင် ကြက်တောင်ရိုက်အားကစားသမားများသည် တက္ကသိုလ်လက်ရွေးစင်အသင်းသားများပင် ဖြစ်ကြကြောင်း၊ ထို့ကြောင့် ယခုလို တက္ကသိုလ်ပေါင်းစုံ၊ ပညာရေးကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားများ ထပ်မံပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်သည့်အတွက် တစိုက်မတ်မတ် ကြိုးစားသွားကြပါဟု တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ယခု ပညာရေးဒီဂရီကောလိပ်အဆင့်ပြိုင်ပွဲတွင် ဘောလုံး(ကျား)၊ ဘော်လီဘော (ကျား) (မ)၊ ပိုက်ကျော်ခြင်း (ကျား) နှင့် ပြေး၊ ခုန်၊ ပစ်အားကစားနည်းများ စသည်ဖြင့် ပါဝင်မည်ဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ယခင်နှစ်ကစပြီး နေပြည်တော်တွင် ဗဟိုအဆင့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်အသီးသီး၏ ကျောင်းတွင်းအားကစားပြိုင်ပွဲများမှတစ်ဆင့် အထက်မြန်မာပြည်ဇုန်၊ အောက်မြန်မာပြည်ဇုန် ဇုန်အဆင့်ပွဲများကို အဆင့်ဆင့်ယှဉ်ပြိုင်ခဲ့ကြပြီးမှ ဗဟိုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ကျောင်းသူများသည် အချင်းချင်းထိတွေ့မှု၊ ချစ်ခင်ရင်းနှီးမှု၊ ညီညွတ်မှု၊ ဒေသန္တရဗဟုသုတများ ရရှိမှုအပြင် အားကစားတွင် ထူးချွန်သည့် အခြေခံပညာ ဆရာ ဆရာမများအဖြစ် ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံပညာအတွက် ပညာရေးနှင့် အားကစားစွမ်းရည်ကိုပါ အားထားရသည့် ဘက်စုံထူးချွန်သည့် ဆရာများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

၁၉၆၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့

ယခုကဲ့သို့ တက္ကသိုလ်/ကောလိပ်အဆင့် အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ဂိုးသမား ဂျပ်ဆင်ဆိုပါက ရန်ကုန်တက္ကသိုလ်လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ကြောင်း၊ ၁၉၆၆ ခုနှစ်က အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့စဉ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နောက်ဆုံးဗိုလ်လုပွဲတွင် အီရန်နိုင်ငံအသင်းကို အနိုင်ရပြီး ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ပါကြောင်း၊ ဘော်လီဘောတွင် ကျော်ဟန်၊ အေးထွန်း၊ စန်းစန်းဖေ၊ ဖြူဖြူဖော် စသည့် တက္ကသိုလ်ဘော်လီဘောသမားများနှင့် ဘတ်စကက်ဘောတွင် ဉာဏ်မင်းတို့သည် မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင်

အားကစားဆိုသည်မှာ ကာယအားနှင့် ဉာဏအားကို အသုံးချပြီး လှုပ်ရှားရသည့် ယှဉ်ပြိုင်မှုဖြစ်

အားကစားဆိုသည်မှာ ကာယအားနှင့် ဉာဏအားကို အသုံးချပြီး လှုပ်ရှားရသည့် ယှဉ်ပြိုင်မှုဖြစ်ခြင်းကြောင့် အနိုင်မခံ အရှုံးမပေးသည့် ခိုင်မာသောစိတ်ဓာတ်ဖြစ်ပေါ်စေသည့်အပြင် အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ သန့်ရှင်းမှန်ကန်သည့် နည်းလမ်းနှင့် အားကစားစိတ်ဓာတ်အပြည့်အဝထားပြီး ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကစားခြင်းအားဖြင့် တရားမျှတမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အပြန်အလှန် လေးစားမှုစသည့် ကောင်းမြတ်သည့် အလေ့အထများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် အားကစားဆိုသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် (၆) ချက်အပေါ်တွင် မူတည်နေခြင်းကြောင့် ထိုအရည်အသွေးများ ပြည့်စုံသည်ထက် ပြည့်စုံနေအောင်၊ ပြည့်ဝသည်ထက် ပြည့်ဝနေအောင် အစဉ်ကြိုးစားတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ အားကစားနယ်ပယ် အောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပြသနေခြင်းဖြစ်သည့်အတွက် အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် ကိုယ့်အဖွဲ့အစည်းအတွက်တင်မဟုတ်ဘဲ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

ကျေးဇူးကို ဆပ်နိုင်သည့် အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရန်အထိ ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သန့်ရှင်းမျှတစွာ ယှဉ်ပြိုင်ပြီး စည်းကမ်းကို တန်ဖိုးထားသူများအဖြစ် မှတ်တမ်းတင်နိုင်အောင် လုပ်ဆောင်ရမည်

အားကစားမောင်မယ် ကျောင်းသားကျောင်းသူများ၏ ကြိုးစားအားထုတ်မှုနှင့် ပညာရေးဒီဂရီကောလိပ်များ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ကြရာတွင် “ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်” ဆိုသကဲ့သို့ မလျှော့သောဇွဲ၊ သတ္တိ၊ ပြင်းပြသော လုံ့လတို့နှင့် “လေ့ခွက် ချည်းကျန်၊ အလံမလှဲ” ဆိုသည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် သန့်ရှင်းမျှတစွာ ယှဉ်ပြိုင်ပြီး စည်းကမ်းကို တန်ဖိုးထားသော ကျောင်းသား ကျောင်းသူများအဖြစ် မှတ်တမ်းတင်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

အားကစား မောင်တို့မယ်တို့သည် ယှဉ်ပြိုင်ကစားရာတွင် အားကစားသမားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ရဲဘော်ရဲဘက်စိတ် ထားရှိခြင်းတို့နှင့် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ အားကစားလေ့ကျင့်ရာတွင်သော်လည်းကောင်း၊ အားကစားယှဉ်ပြိုင်ရာတွင်သော်လည်းကောင်း၊ ပွင့်လင်းမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှုတို့ ထားရှိလုပ်ဆောင်ကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း၊ မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် ပညာရေးဒီဂရီကောလိပ်များအတွက် ဂုဏ်ဆောင်ဆုတံဆိပ်များစွာ ရယူဆွတ်ခူးနိုင်ကြပါစေကြောင်း၊ အစဉ်အလာကြီးမားသော ပညာရေးဒီဂရီကောလိပ်များအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ကြပါစေကြောင်း၊ ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးမည့် ဆရာ ဆရာမလောင်းများအနေဖြင့် ကိုယ်တိုင်ဘက်စုံထူးချွန်နေရန် ဆက်လက်ကြိုးစားသင်ယူလေ့ကျင့်နိုင်ကြပါစေကြောင်း ပြောကြားပြီး “၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံမှ အားကစားပြိုင်ပွဲ အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အားကစားမောင်မယ် ကျောင်းသားကျောင်းသူများက အားကစားသစ္စာ အဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် တောင်ငူပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများက Physical Fitness Dance ၊ မြန်မာ့သိုင်း၊ ပဝါက၊ မြန်မာ့ခြင်းဝိုင်းနှင့် အေရိုးဗစ်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး ပညာရေးဒီဂရီကောလိပ်ပေါင်းစုံမှ အားကစားမောင်မယ် ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၀၀ ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၂

လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့သည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် နောက်ဆုံးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြခန်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် သဘာဝအလှရှုခင်းများအား လက်ရာမြောက်စွာ ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျောင်းသား၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးကြရာ ပြခန်းတာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်သူများ သိရှိစေရန် စနစ်တကျ ခင်းကျင်းပြသထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ပါဝင်ဆင်နွှဲ

ယင်းနောက် ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားပျော်ရွှင်ဖွယ် စီစဉ် ဆောင်ရွက်ပေးထားသည့် ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိ ကစားနည်းများတွင် ပွဲတော်လာပြည်သူများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စိတ်အားတက်ကြွစွာ ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြခန်း၏ အစီအစဉ်တစ်ခုဖြစ်သည့် ဗဟုသုတဖြစ်ထွန်းစေမည့် စာအုပ်/ စာပေကောင်းများကို စတူဒီယိုခန်းမတွင် အသံဖြင့် ဖတ်ကြားစေပြီး ဖမ်းယူရရှိသည့် အသံများကို မျက်မမြင်သင်တန်းကျောင်းများ အတွက် လှူဒါန်းနိုင်ရန် ဆောင်ရွက်ထားသည့်အစီအစဉ်တွင် ပွဲတော်လာပြည်သူများ အသံကုသိုလ် ပါဝင်လှူဒါန်းနေမှုနှင့် ပြည်သူများတီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက်သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုအားပေးကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် ပွဲတော်အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးမှုအထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ “မနောမြေမှတေးသံသာ” သီချင်းဖြင့် မြိုင်မြိုင်သီဆိုဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားအကအဖွဲ့များ၊ ပွဲတော်လာကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တပျော်တပါး စုပေါင်းကပြဆင်နွှဲမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ပွဲတော်အတွင်း ပြကွင်း၊ ပြကွက်များအလိုက် စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲနေကြသည့် ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကျင်းပပြီးစီး

အဆိုပါ ပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်၊ လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံ အနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ပွဲတော်ကျင်းပသည့် ဝဏ္ဏသိဒ္ဓိအားကစားရုံ ခန်းမကြီး ပြည့်လျှံသည်အထိ တစ်ခဲနက် လာရောက် ပါဝင်ဆင်နွှဲခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် လူငယ်နှင့် စာပေအနုပညာပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

သတင်းစဉ်

ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ဘားအံ ဒီဇင်ဘာ ၂၂

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမ ၃၀ ၊ ဘာသာရပ်ဌာနအသီးသီးမှ ပထမနှစ်ကျောင်းသား ကျောင်းသူ ၃၆၇ ဦး ၊ ဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၄၁၂ ဦး တက်ရောက်သည်။

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးဟန်မွှေးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများအကြောင်း၊ ဘားအံမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးကျော်ဇော်ဟန်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတို့ကို အသိပညာပေးဟောပြောပြီးနောက် ဆိုင်ကယ်စီးနင်းသည့်အခါ ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး မောင်းနှင်ရန် သရုပ်ပြသခဲ့သည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုသဟဇာတဖြစ်စေရေးကိုလွှမ်းခြုံစေမည့် အမျိုးသားမြေဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အမျိုးသားမြေအသုံးချမှု ကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဒေါက်တာ သီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှု ကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

မရှိမဖြစ်လိုအပ်

ဦးစွာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေသယံဇာတအရင်းအမြစ်သည် မိမိတို့လူသားများ၊ လူမှုအသိုင်းအဝိုင်းများ ဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ် ဖြစ်ပါကြောင်း၊ အခြားသယံဇာတအရင်းအမြစ်များနှင့် မတူသည့်အချက်မှာ မြေသယံဇာတသည် တိုးပွားအောင်လုပ်၍မရဘဲ အကန့်အသတ်နှင့်သာရှိသည့် သဘာဝသယံဇာတအရင်းအမြစ်ဖြစ်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် အထူးအလေးထား စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူညီလက်ခံခဲ့သည့် Agenda 2030 တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals–SDGs) ၁၇ ခု ပါဝင်ပြီး ရည်မှန်းချက်အများစုသည် မြေယာစီမံခန့်ခွဲမှုနှင့် အဓိကသက်ဆိုင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Agenda 2030 ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန်နှင့် ရေရှည်တည်တံ့သည့် ဘက်စုံဖွံ့ဖြိုးမှုအတွက် စနစ်ကျပြီး ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးသည်လည်း အထူးလိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံသားအားလုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးအတွက် မြေလုပ်ပိုင်ခွင့်ခိုင်မာစေရေး၊ သဘာဝဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေး၊ မြေအသုံးချမှုစီမံခန့်ခွဲရာတွင် စီးပွားရေးအကျိုးအမြတ်အများဆုံးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်မြေအသုံးချမှုများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများကိုလွှမ်းခြုံသည့် ပြည်သူ့အကျိုးပြုနိုင်မည့် အမျိုးသားမြေဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ပဓာနကျပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် မိမိတို့၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ အားလုံးကိုလွှမ်းခြုံနိုင်မည့် အမျိုးသားမြေဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီအောက်တွင် မြေဥပဒေရေးဆွဲရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပါကြောင်း၊ ၎င်းအထောက်အကူပြု လုပ်ငန်းအဖွဲ့အောက်တွင် ဥပဒေရေးဆွဲရေး အဖွဲ့ငယ်သုံးဖွဲ့ကို ထပ်မံဖွဲ့စည်းထားပြီး အမျိုးသားမြေဥပဒေကြမ်း အခန်း(၁၆)ခန်းကို အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ဥပဒေမူကြမ်းထွက်ပေါ်လာရေးကို တစိုက်မတ်မတ် အကောင်အထည်ဖော် ရေးဆွဲပြုစုနေသည့်အဖွဲ့ဝင်များအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

အကောင်အထည်ဖော်ဆောင်

ဥပဒေမူကြမ်း ရေးဆွဲပြုစုခြင်းကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်း ၁၅ လ သတ်မှတ်ထားပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ စုစုပေါင်း ကိုးလမှာ ကနဦးမူကြမ်း စတင်ရေးသားပြုစုခြင်း၊ ၂၀၂၄ ခုနှစ်မေလမှ ဇူလိုင်လအထိ သုံးလမှာ ရေးဆွဲပြီးမူကြမ်းကို အကျိုးသက်ဆိုင်သူများထံ ချပြခြင်းနှင့် အကြံပြုချက်များအရ ကနဦးမူကြမ်းကို ပြန်လည်ပြင်ဆင်ရေးသားခြင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ နောက်ဆုံးသုံးလမှာ ပြင်ဆင်ပြီး မူကြမ်းကို အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများသဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီကတစ်ဆင့် အမျိုးသားမြေအသုံးချမှု ကောင်စီသို့ တင်ပြခြင်းဆိုပြီး သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ဥပဒေရေးဆွဲပြုစုခြင်းသည် ကျယ်ပြန့်နက်နဲသည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ အဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသော Time Frame အတွင်း မိမိတို့လုပ်ငန်းများကို အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း။

မြန်မာနိုင်ငံတွင် စနစ်ကျပြီး ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ် ပေါ်ထွက်လာစေရန်အတွက် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်ချက်များနှင့်မူဝါဒပါ လုပ်ငန်းစဉ်နှင့်အညီ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှု သဟဇာတဖြစ်စေရေးကို လွှမ်းခြုံစေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ အဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် အမျိုးသားမြေဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် က အမျိုးသားမြေအသုံးချမှုကောင်စီ၏ စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက် (၁၂)ချက်ပေါ် အလေးထားလိုက်နာဆောင်ရွက်ရမည့် အခြေအနေ၊ အမျိုးသားမြေအသုံးချမှုမူဝါဒကို အနည်းဆုံးငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြင်ဆင်ရမည့် အခြေအနေ၊ နိုင်ငံပိုင်မြေများကို စနစ်တကျစီမံခန့်ခွဲရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မြေယာစီမံခန့်ခွဲမှု ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှု ကောင်စီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ က မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အမျိုးသားမြေအသုံးချမှု ကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသားမြေအသုံးချမှု ဥပဒေရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမြေများကို အခြားနည်းလမ်းအသုံးမပြုရေး၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် အကောင်အထည်ဖော်ရေးနှင့် အမျိုးသားမြေအသုံးချမှု ဥပဒေပေါ်ပေါက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု ကိစ္စရပ်များအပြင် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေအသုံးချမှုနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် မြေယာမူဝါဒနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် အောင်မြင်စွာကျင်းပပြီးစီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့ကြ

နေပြည်တော် ဒီဇင်ဘာ ၂၂

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာဆရာမများ၊ ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။

ယနေ့သည် ပွဲတော်နောက်ဆုံးရက်ဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားဖွယ်ရာ ပြသထားသည့်ပြခန်းများအားလုံးတွင် အနယ်နယ်အရပ်ရပ်မှ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသူများဖြင့် အထူးစည်ကားလျက် ရှိသည့်အပြင် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များတွင်လည်း ရိုးရာအစားအသောက်များအား စိတ်အားထက်သန်စွာ လာရောက်မြည်းစမ်းကြသူများဖြင့်လည်း ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြခန်း၌လည်း "အသံအလှူကုသိုလ်ယူ" ဆောင်ပုဒ်ဖြင့် မျက်မမြင်သင်တန်းကျောင်းများမှ အမြင်အာရုံချို့တဲ့သူများ စိတ်ခွန်အားမြင့်တက်စေရန်အတွက် ဗဟုသုတ ဖြစ်ထွန်းစေမည့် စာအုပ်၊ စာပေမျိုးစုံကို ဖတ်ကြားအသံသွင်း၍ အသံဖြင့်ကုသိုလ်ယူလှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိရာ ပွဲတော်ကျင်းပခဲ့သည့် သုံးရက်တာကာလအတွင်း နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ စုစုပေါင်း ၂၂၇ ဦးတို့က စာအုပ်ပေါင်း ၅၆ အုပ်ကို ဖတ်ကြားပြီး အသံကုသိုလ်အဖြစ် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

ယင်းပြခန်း၌ပင် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက်သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့်ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ရေကြောင်းပြခန်းတွင် ရေယာဉ်မောင်းနှင်မှုသရုပ်ပြကွက်၊ သင်္ဘော Model ပုံစံငယ်များပြကွက်၊ ရေယာဉ်တည်ဆောက်သည့်အချိန်တွင် အသုံးပြုသည့် ဂဟေဆက်ခြင်းသရုပ်ပြကွက်၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ကျောင်း ပုံစံငယ် ပြကွက်၊ လေကြောင်းပြခန်းတွင် စိတ်ဝင်စားဖွယ်ရာ လေယာဉ်ပုံစံငယ်များပြကွက်၊ မြန်မာ့မီးရထားပြခန်းတွင် ရန်ကုန်မြို့ပတ်ရထားလမ်းပြေးဆွဲမှုပုံစံငယ် ပြကွက်နှင့် ရထားပုံစံအမျိုးမျိုးတို့ကို ပြကွက်မျိုးစုံဖြင့် ခင်းကျင်းပြသထားရာ ရေကြောင်းနှင့် လေကြောင်းပညာရပ်တို့ကို စိတ်ဝင်စားကြသည့် ကျောင်းသားလူငယ်များအတွက် စိတ်အားထက်သန်ဖွယ်ရာ ပြကွင်းပြကွက်များဖြစ်ခဲ့ပြီး လာရောက်လေ့လာကြသူများဖြင့် တစ်ခဲနက်စည်ကားခဲ့သည်။

အလားတူ ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားဖွယ်ရာ စီစဉ်ပြုလုပ်ထားသည့် ကစားနည်းများနှင့် ဉာဏ်ရည်ဉာဏ်သွေး၊ အသိပညာဗဟုသုတများနှင့် ပေါင်းစပ်ဖြေဆိုရသည့် ဉာဏ်စမ်းပဟေဠိကစားနည်းများတွင်လည်း လာရောက်ပါဝင်ဖြေဆိုကြသည့် ကျောင်းသား၊ လူငယ်များဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် ကစားနည်းများနှင့် ပဟေဠိမေးခွန်းများကို ဖြေဆို အောင်မြင်ကြသူများကိုလည်း အမှတ်တရလက်ဆောင်များ ပြန်လည်ချီးမြှင့်သည့် အစီအစဉ်ကြောင့်လည်း ပိုမိုပျော်ရွှင်ဖွယ်ရာဖြစ်စေခဲ့သည်။

ပညာရေးဝန်ကြီးဌာန၏ ဆရာအတတ်ပညာရေးပြခန်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးပြခန်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးပြခန်း၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားပြခန်း၊ အဆင့်မြင့်ပညာနှင့်အခြေခံပညာပြခန်းတို့တွင် ပညာရေးနှင့် ပတ်သက်သည့် ဗဟုသုတစာပေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂေဟစနစ်ဆိုင်ရာပြကွက်များ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များဆိုင်ရာ လက်တွေ့စမ်းသပ်ဆောင်ရွက်နေမှုများကို စာတွေ့၊ လက်တွေ့ ရှင်းလင်း ဆောင်ရွက်ပေးခဲ့ရာ စိတ်ဝင်တစားလာရောက်လေ့လာကြသည့် အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကားခဲ့သည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း ပွဲတော်လာ အသက် ၁၀ နှစ်အထက်ရှိ နိုင်ငံသားများအား စမတ်ကတ်များထုတ်ပေးနိုင်ရေးအတွက် ကိုယ်ရေးအချက်အလက်များ ကောက်ယူစိစစ်ပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် UID နံပါတ်များ တစ်ချိန်တည်း ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆောင်ရွက်ကြသည့် ကျောင်းသားကျောင်းသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ဆိုင်ဘာလုံခြုံရေးပြခန်းတွင်လည်း ဆိုင်ဘာလုံခြုံရေးနှင့် ပတ်သက်သည့် အသိပညာပေး ပိုစတာများပြသခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဆိုင်ဘာလုံခြုံရေးနှင့် ပတ်သက်သည့် အခြေခံပညာ၊ တက္ကသိုလ်နှင့် ပညာရှင်အဆင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားခြင်းတို့ကြောင့်လည်း စိတ်ဝင်စားဖွယ်ရာ ပြခန်းတစ်ခုဖြစ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ရာ ကျောင်းသားကျောင်း သူများနှင့် လူငယ်များ တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် MRTV – 4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲသရုပ်ဆောင်များက ဦးဆောင်၍ လူငယ်နှင့် စာပေ၊ အနုပညာ ဆက်စပ်မှုရှိပုံ၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ လူငယ်ဘဝမှစတင်၍ လူတိုင်းအပေါ်တွင် စိတ်ကောင်း စေတနာကောင်းအရင်းခံကာ ပေါင်းသင်းဆက်ဆံပါက အောင်မြင်မှုရရှိနိုင်မည့် နည်းလမ်းများ၊ လူငယ်ဘဝတွင် နေထိုင်ပြုမူရမည့် အမူအကျင့်များနှင့် တွေ့ကြုံရမည့်အခက်အခဲများ၊ ဝါသနာပါရာ အတတ်ပညာတစ်ခုခုကို တစိုက်မတ်မတ် ဖွဲ့ရှိရှိကြိုးစားပါက ထူးချွန်သည့် လူတော်၊ လူကောင်းများဖြစ်လာနိုင်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ လူငယ်များကလည်း မိမိတို့သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ အပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ဟိန်းက လူငယ်စကားဝိုင်းများတွင် ဦးဆောင်ပါဝင်ဆွေးနွေးခဲ့ကြသည့် MRTV–4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲသရုပ်ဆောင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် ပွဲတော်အတွင်း၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု မြန်မာစာရေးဆရာ၊ ဆရာမကြီးတို့၏ ဓာတ်ပုံများ၊ တိုင်းဒေသကြီး / ပြည်နယ်များအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များနှင့် အထင်ကရနေရာများ၏မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိရာ ဓာတ်ပုံ အနုပညာကို ချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထိုသို့အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဖျော်ဖြေရေးအစီအစဉ်များ အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မြဝတီရုပ်မြင်သံကြားတို့မှဝန်ထမ်းများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်လက်ပေါ့ပါးစွာ ကြည့်ရှုအားပေးကြသည်။

ပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများအနေဖြင့် စိတ်ဝင်စားဖွယ်ရာပြသထားသည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာရင်း အမောပြေတိုင်းရင်းသားများ၏ရိုးရာအစားအသောက်များအား နှစ်သက်စွာဖြင့် အလွယ်တကူ စားသုံးနိုင်ရန်အတွက် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချပေးခဲ့ရာ အစားအသောက်များ ပြတ်လပ်သည်အထိ လာရောက်စားသုံးဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ တစ်စုံတစ်ရာကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါကလည်း အရေးအပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက်လည်း လုံခြုံရေးအစီအမံများကိုလည်း စနစ်တကျ ဆောင်ရွက်ထားသည်။

ညနေပိုင်းတွင် ပွဲတော်အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးမှုအထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "မနောမြေမှတေးသံသာ" သီချင်းဖြင့် မြူးမြူးကြွကြွသီဆိုဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားအကအဖွဲ့များ၊ ပွဲတော်လာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများတပျော်တပါး စုပေါင်းကပြဆင်နွှဲမှုများကြောင့်လည်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပျော်ရွှင်ဖွယ်ရာ ပွဲတော်ကြီးအဖြစ် ကျင်းပပြီးစီးခဲ့သည်။

လူငယ်နှင့် စာပေအနုပညာပွဲတော်ကျင်းပပေးခဲ့သည့် သုံးရက်တာကာလအတွင်း နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ လူငယ်များအတွက် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များမြင့်မားလာစေမည့် အကြောင်းအရာများ၊ စာပေနှင့် အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ် အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်လာနိုင်စေမည့် အကြောင်းအရာများကို စာတွေ့၊ လက်တွေ့ပြသပေးနိုင်ခဲ့သည့်အတွက် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အနာဂတ် နိုင်ငံ့ခေါင်းဆောင် ကျောင်းသားလူငယ်များ အသိအမြင် ဗဟုသုတကြွယ်ဝစေရန် ဆည်းပူး လေ့လာနိုင်ခဲ့သည့် ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ကြောင်း သိရှိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

ဓာတ်ပုံ – ကိုကိုအေး၊ ဖိုးပြည့်စုံ

ဖြူးမြို့နယ်၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ဖြူး ဒီဇင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်ငူခရိုင် ဖြူးမြို့နယ် ကုသရေးဦးစီးဌာန ခုတင်(၁၀၀) ဆံ့ဆေးရုံ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဒီဇင်ဘာ ၂၁ ရက်က ဆောင်ရွက်ပေးသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လစာလာထုတ်ချိန်နှင့် တိုက်၍မြို့နယ်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုးနှင့် ဆရာဝန်၊ ဆရာမများက လူနာစုစုပေါင်း ၅၇ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ပြည်တွင်းဗဟုသုတတွေသာမက ပြည်ပမှာ လုပ်ဆောင်နေတဲ့၊ ဖြစ်ပေါ်တိုးတက်နေတဲ့ အရာတွေ၊ နိုင်ငံတကာကနေ လေ့လာထားတဲ့ အတွေ့အကြုံ ဗဟုသုတနဲ့ပညာရပ်တွေကို မျှဝေပေးတဲ့အစီအစဉ်တွေ ထည့်ပေးနိုင်မယ်ဆိုရင် ပိုပြီးစိတ်ဝင်စားဖို့ ကောင်းမယ်လို့မြင်ပါတယ်

မောင်ပိုင်သုခ

နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်ထုအတွင်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်များ မြင့်မားလာစေရန်၊ စာပေနှင့်အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတများကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်ကောင်းများဖြင့် သုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးသည် ယနေ့တွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး၏ အားကိုးအားထားပြုရာ လူ့စွမ်းအားအရင်းအမြစ်များမှာ လူငယ်များပင်ဖြစ်ရာ ပွဲတော်သို့ လာရောက်လေ့လာကြသည့် လူငယ်လူရွယ်များ၏ အတွေ့အကြုံနှင့် ရင်တွင်းစကားသံများကို တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်။

မောင်ပိုင်သုခ(ဒုတိယနှစ်)
တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)

ဒီနေ့ လူငယ်နှင့်စာပေအနုပညာပွဲတော်က ပြခန်းတွေ တော်တော်များများကိုတော့ ကြည့်ပြီးခဲ့ပြီ။ အဲဒီထဲမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်းနဲ့သိပ္ပံနှင့်နည်းပညာပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြခန်းတွေမှာ ကြည့်ခဲ့ရတာတွေကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဓိကကတော့ လူငယ်တွေ သိသင့်သိထိုက်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကို သေသေချာချာလေး ရှင်းပြတဲ့အတွက် ဗဟုသုတရရှိခဲ့ပါတယ်။ အခုလိုမျိုး ပြပွဲတွေ ကျင်းပပေးတာဟာ လူငယ်တွေအတွက် အတွေ့အကြုံပိုရတယ်၊ တစ်ယောက်တည်း၊ တစ်နေရာချင်းသွားပြီး လေ့လာနေမယ့်အစား အခုလို ဝန်ကြီးဌာနတွေ၊ တက္ကသိုလ်တွေ၊ ကျောင်းတွေကနေ အကုန်လုံးစုစည်းပေးထားတာဆိုတော့ဗဟုသုတတွေ စုစည်းပေးထားသလိုမျိုး ဖြစ်နေတော့ တစ်နေရာတည်းမှာပဲ စုံစုံလင်လင် သိလာရတော့ တော်တော်လေးကောင်းပါတယ်။ နောက်ထပ် လူငယ်တွေအတွက် ပွဲတော်တွေ လုပ်ပေးတဲ့အခါကျရင် ပြည်တွင်းဗဟုသုတတွေသာမက ပြည်ပမှာ လုပ်ဆောင်နေတဲ့၊ ဖြစ်ပေါ်တိုးတက်နေတဲ့အရာတွေ၊ နိုင်ငံတကာကနေ လေ့လာထားတဲ့ အတွေ့အကြုံဗဟုသုတနဲ့ ပညာရပ်တွေကို မျှဝေပေးတဲ့ အစီအစဉ်တွေ ထည့်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းမယ် လို့မြင်ပါတယ်။

မောင်ပိုင်သုခ

မအေးစန္ဒာ

မောင်မျိုးသီဟအောင်

မဆောင်းနှင်းဖြူ

မအေးစန္ဒာ(ဒုတိယနှစ်)
မြောင်းမြပညာရေး ဒီဂရီကောလိပ်

တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ရင်းနဲ့ သူငယ်ချင်း ၁၆ ဦးနဲ့ အတူတူ လူငယ်နှင့်စာပေအနုပညာပွဲတော်ကို လာပြီးလေ့လာတာပါ။ အားကစားပြိုင်ပွဲမှာလည်း သံလုံးပစ်ပြိုင်မှာပါ။ ဒီမှာ ပြခန်းတွေကို လေ့လာရင်းနဲ့ တွေ့ရတာကတော့ တော်တော်လေးကို စုံတယ်။ သိပ္ပံခန်းတွေ၊ အင်ဂျင်နီယာနည်းပညာပြခန်းတွေ၊ ရဲတပ်ဖွဲ့က ပြခန်းတွေ ကြည့်ခဲ့တယ်။ ပြည်ထဲရေးဝန်ကြီးဌာန ပြခန်းမှာသွားကြည့်တော့ ဘိန်းပင်ကို ပထမဆုံး အပြင်မှာ မြင်ဖူးတာ၊ အရင်ကတော့ တီဗွီတွေထဲမှာပဲမြင်ခဲ့ဖူးတာပါ။ ကျွန်မတို့က ပညာရေးကဆိုတော့ ကလေးတွေကို ပြန်ပြီးသင်ပြတဲ့အခါမှာ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်ပြီး သေသေချာချာလေး ပြန်ပြောနိုင်အောင် လေ့လာခဲ့ပါတယ်။

မောင်ဝသန်မိုးစက်

မောင်ဝင်းမင်းသန့်

မယွန်းရွှေရည်အောင်

မောင်မျိုးသီဟအောင် (တတိယနှစ်)
အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)

လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ကျောင်းကနေ လိုက်ပို့တဲ့အတွက် လာရောက်လေ့လာခဲ့တာပါ။ အားလုံးကျောင်းသားကျောင်းသူ ၆၀၀ ကျော်လောက်ရှိပါတယ်။ ကျွန်တော်က ပုံဆွဲရတာကြိုက်တော့ ပန်းချီဆွဲတာ သွားကြည့်ဖြစ်တယ်။ စာအုပ်ဖတ်ရတာလည်း ကြိုက်တော့ စာအုပ်တွေကြည့်ဖြစ်တယ်။ ကျွန်တော်တို့က Cyber နည်းပညာကဆိုတော့ သိပ္ပံနှင့်နည်းပညာပြခန်းမှာတော့ သေသေချာချာလေး သွားလေ့လာဖြစ်တယ်။ အခုလိုမျိုး လူငယ်တွေအတွက် ပြပွဲတွေ လုပ်ပေးတာ တော်တော်လေး အတွေ့အကြုံရတယ်။ နောက်ထပ်လုပ်ပေးတဲ့အခါကျရင် လူငယ်တွေ ကိုယ်တိုင်ပါလို့ရတဲ့ အစီအစဉ်တွေ ထည့်ပေးစေချင်တယ်။ ဥပမာ - ပန်းချီကိုယ်တိုင် ဆွဲရတာမျိုး၊ စောင်းဆိုရင် ကိုယ်တိုင်တီးကြည့်ရတာမျိုး အဲဒီလို ကိုယ်တိုင်ဝင်လုပ်လို့ရတာမျိုးတွေပါရင် ပိုပြီးတော့ ကောင်းတယ်။ ပုံဆွဲတယ်ဆိုရင်လည်း ကိုယ်တိုင် အမှတ်တရသိမ်းသွားလို့ရတဲ့ ပုံဆွဲတဲ့အစီအစဉ်တွေပါတာ ပိုကောင်းမယ်လို့ထင်ပါတယ်။ သိပ္ပံနှင့်နည်းပညာမှာဆိုရင် ကိုယ်တိုင်လုပ်လို့ရတဲ့ လေယာဉ်မောင်းတဲ့ ဂိမ်းလိုမျိုး ပြကွက်တွေပါတော့ တော်တော်လေး သဘောကျပါတယ်။

မဆောင်းနှင်းဖြူ(Grade-9)
အထက(၂)၊ လယ်ဝေးမြို့နယ်

ဆရာဆရာမတွေ၊ သူငယ်ချင်းတွေနဲ့ အတူတူ ပြခန်းတွေ လေ့လာပါတယ်။ သမီးကတော့ ပန်းချီကို စိတ်ဝင်စားတယ်။ ဒီလိုမျိုး ပြခန်းတွေ လုပ်ပေးတာ သမီးတို့လို ကျောင်းသားလူငယ်တွေအတွက် ဗဟုသုတတွေ အများကြီးရတယ်။ အခုလို လူငယ်တွေအတွက် မြေတောင်မြှောက်ပေးတဲ့ အစီအစဉ်တွေကို ပြသပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ သမီးတို့ကျောင်းမှာ သင်ကြားရတဲ့ စာတွေထဲမှာပါတဲ့ အကြောင်းအရာတွေကို အပြင်မှာ လက်တွေ့မြင်ရတဲ့အတွက်လည်း ဗဟုသုတ ပိုပြီးရတယ်လို့ ထင်ပါတယ်။

မောင်ဝသန်မိုးစက်
အထက(၁၉) ဒက္ခိဏသီရိမြို့နယ်

လူငယ်နှင့် စာပေအနုပညာပွဲတော်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြသထားတဲ့ ကားပြခန်းကို ကျွန်တော့်အနေနဲ့ တော်တော်လေးစိတ်ဝင်စားပါတယ်။ နောက်တစ်ခုက ပညာရေးဝန်ကြီးဌာန ပြခန်းက အင်္ဂလိပ်စာဥာဏ်စမ်းတွေကိုလည်း စိတ်ဝင်တစားနဲ့ ဖြေဆိုခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်း ၂၈ ဦးနဲ့အတူ ဝန်ကြီးဌာနအသီးသီးက ပြခန်းတွေမှာပြသထားတဲ့ပြကွက်တွေကို လာရောက်လေ့လာဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြခန်းက အမေးအဖြေတွေလည်း ဝင်ရောက်ဖြေဆိုရင်း ဆုတွေလည်း ရခဲ့ပါတယ်။ စာအုပ်စာပေတွေ အများကြီးခင်းကျင်းပြသထားတဲ့အတွက် လူငယ်တွေအတွက် များစွာဗဟုသုတရရှိပါတယ်။ လာမယ့်နှစ်မှာလည်း ဒီနှစ်လိုပဲ ကျောင်းသားလူငယ်တွေအတွက် အခုလိုပြပွဲကြီးတွေ ကျင်းပပေးစေချင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပြင်ပဗဟုသုတတွေကို တစ်နေရာတည်း လေ့လာခွင့်ရတာလည်း ဝမ်းသာမိပါတယ်။ လူငယ်နဲ့စာပေအနုပညာပွဲတော်ကြီး ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

မောင်ဝင်းမင်းသန့် (Grade-12)
ဇေယျာသီရိမြို့နယ်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပြခန်းတွေကို လေ့လာကြည့်ရှုရတာ နှစ်သက်ပါတယ်။ လူငယ်နှင့် စာပေအနုပညာပွဲတော်ကြီးကို လာရောက်လေ့လာရတာ အိမ်ကိုတောင် မပြန်ချင်တဲ့အထိ ဖြစ်မိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ပြကွက်ဆိုရင်လည်း ကျွန်တော်တို့ ကျောင်းသားကျောင်းသူတွေအတွက် များစွာ ဗဟုသုတဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ဒီလိုပြပွဲအခမ်းအနားကြီးတွေ ကျင်းပပေးစေချင်ပါတယ်။ ကျွန်တော်တို့ရဲ့ ညီငယ်ညီမငယ်လေးတွေနဲ့ နောင်တစ်ချိန်မှာ နိုင်ငံတော်အတွက် နိုင်ငံ့ဝန်ထမ်းကောင်းတွေအဖြစ် တာဝန်ထမ်းဆောင်ကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက်လည်း များစွာ ဗဟုသုတတွေ ရရှိစေပါတယ်။

မယွန်းရွှေရည်အောင် (Grade- 9)
ဒက္ခိဏသီရိမြို့နယ်

ဝန်ကြီးဌာနအသီးသီးက ပြခန်းတွေမှာရှိတဲ့ ဂိမ်းတွေအားလုံးကို ကစားခဲ့ပါတယ်။ လူငယ်တွေနဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ဉာဏ်စမ်းမေးခွန်းတွေဖြေရတာ ဗဟုသုတများစွာရရှိခဲ့ပါတယ်။ ကျွန်မတို့ကျောင်းက စာသင်ခန်းတွေမှာ စာတွေ့သင်ရတဲ့သင်ခန်းစာတွေက ဒီပြပွဲကြီးမှာ လက်တွေ့မြင်ခွင့်၊ ထိတွေ့ခွင့်ရရှိတဲ့အခါ ဗဟုသုတတွေများစွာ ရရှိသလို ပိုမိုလေ့လာသင်ယူတတ်မြောက်ချင်တဲ့ စိတ်တွေလည်း ဖြစ်ပေါ်မိပါတယ်။ ကျွန်မတို့လို ကျောင်းသား ကျောင်းသူတွေကို ပြင်ပဗဟုသုတတွေ ရရှိအောင် ပြပွဲကြီးကျင်းပပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်း - ဇင်ဦး ၊ ဟိန်းထက်ဇော်
ဓာတ်ပုံ - ဇင်ဟိန်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ဆင်ချည်တိုင်လမ်းပေါ်ရှိ ကွန်ကရစ်တံတား(ချဉ်းကပ်လမ်းအပါ) အရှည်ပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်းတွင် ဘိုးပိုင်စိုက်ထူပြီးစီးမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးသန်းဌေးအောင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၈ ရက်တွင် Sonic Integrity Testing(SIT) ဆောင်ရွက်စဉ်။

ဇော်ဘီ



လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဒီဇင်ဘာ ၂၂ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကို ကြည့်ရှုစစ်ဆေးပြီး စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရွှေချည်ထိုးငွေချည်ထိုးသင်တန်း လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေးနို့ချက်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊ ကုန်ကြမ်းရရှိရေး၊ နို့ဆီအရည်အသွေးကောင်းမွန်ရေးနှင့် ဈေးကွက်ရရှိရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun(Good Brother’s) ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တန် ၁၅၀ ဆန်စက် တည်ဆောက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး၊ ကုန်ကြမ်းအဆင်သင့်ရရှိရေး၊ စပါးစိုက်တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် တောင်သူများလိုအပ်သည့် သွင်းအားစု၊ နည်းပညာများကို သမဝါယမအသင်းများနှင့် ကူညီပူးပေါင်းဆောင်ရွက်ပေးရေး မှာကြားပြီး ဆန်စက်ရုံတည်ဆောက်မည့် မြေနေရာ၊ သဘာဝမြေသြဇာထုတ်လုပ်နေမှု၊ နို့ချက်စက်ရုံအတွင်း ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိသမဝါယမကောလိပ် (မန္တလေး)၌ ကျောင်းသားကျောင်းသူများအား စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး) သို့သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လတ်တလော ကိုဗစ်-၁၉ ရောဂါသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေမှ ရုပ်သိမ်းခဲ့ပြီးဖြစ်သော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်း အချို့နိုင်ငံများတွင် ဖြစ်ပွားမှုများ ပြန်လည် မြင့်တက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ဆက်လက် ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း လတ်တလော ဖြစ်ပွားမှုအခြေအနေ၊ မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိမှု၊ မြန်မာနိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေ သုံးသပ်ချက်များနှင့် ကာကွယ်ထိန်းချုပ်ရေး ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ကာကွယ်ဆေးထိုးနှံမှု၊ ဆက်လက်ထိုးနှံမည့် အစီအစဉ် များ၊ ကိုဗစ်-၁၉ ရောဂါ ဆေးနှင့် ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ပြည်သူ့ဆေးရုံများတွင် ပြင်ဆင်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၃ ခုနှစ်)ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၂

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နှစ်ပတ်လည် မဂ္ဂဇင်းဖြစ်သော သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၃ ခုနှစ်) ထုတ်ဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ စာမူရှင်များ၊ သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၃ ခုနှစ်) ထုတ်ဝေရေး ကော်မတီဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် မဂ္ဂဇင်းများကို ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး ယခုထုတ်ဝေသော သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၃ ခုနှစ်)သည် (၂၆) ကြိမ်မြောက် ထုတ်ဝေသော စာအုပ်ဖြစ်ကြောင်းနှင့် အဆိုပါ မဂ္ဂဇင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းများနှင့် ဝါရင့်သံတမန်ကြီးများ၊ လက်ရှိ တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ အပြင် ပြင်ပစာမူရှင်များက သံတမန်ရေးရာ၊ နိုင်ငံတကာရေးရာများနှင့် အတွေ့အကြုံဗဟုသုတများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် သုတ၊ ရသ စုံလင်စွာ ရေးသားဖော်ပြထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Hongqi EQM5 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီး သဘာဝဥယျာဉ်မာလာမြိုင်ကျွန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

အဆိုပါပွဲတော်တွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၂ မျိုး ပါဝင်ပြီး ပြိုင်ပွဲဝင်များကို ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

“အဓိက ပြည်တွင်းလူမှုစီးပွားနဲ့ စိုက်ပျိုးထုတ်လုပ်သူတို့ရဲ့ ဝင်ငွေဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်နေတဲ့ ဝါသနာရှင်တွေ ဝင်ငွေတိုးတက်ဖို့ကို ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားအဖြစ် ဖိတ်ခေါ်ကျင်းပပေးတာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲကျင်းပမည့်နေရာသို့ လာရောက်ပေးပို့

ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲကျင်းပမည့်နေရာသို့ လာရောက်ပေးပို့ရမည်ဖြစ်ပြီး မြေယာရှုခင်းပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ အပြီးပြင်ဆင်ရမည်ဖြစ်သည်။ အလားတူ သစ်သီးအလှပုံဖော်ပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ၊ ပန်းအလှပြင်ဆင်ခြင်းပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၅ နာရီခွဲမှ ၇ နာရီအထိ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ **အာကာလင်း**

မူပိုင်ခွင့်ဦးစီးဌာန တည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

မူပိုင်ခွင့်ဦးစီးဌာန၏ (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအိုက ဝန်ကြီးဌာန၏ "စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရန်" ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်ကို အထောက်အပံ့ဖြစ်စေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အာဏာတည်ခဲ့ပြီး အဆိုပါ မူပိုင်ခွင့်လျှောက်လွှာများအား လက်ခံခြင်း၊ စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်၊ ဝန်ကြီးဌာနက ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဌာနတစ်ခုအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှု Documentary ကိုပြသကာ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မူပိုင်ခွင့်ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

မြန်မာ့ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဆေးဝါးဆိုင်ရာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာတမ်းများဖတ်ကြား

မြန်မာ့ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့တွင် ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့က သဘာပတိအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ပါမောက္ခ ဦးအောင်ကျော်မင်းတို့က သဘာပတိအဖွဲ့ဝင်များအဖြစ်လည်းကောင်း ဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ပါမောက္ခ ဦးဝင်းစိုးက"ကိုယ်တွေ့အာယုဗ္ဗေဒ ကုထုံးများလာ လိုတိုင်းရ အပူကျဆေးကို စာပေသုတေသန အမြင်ဖြင့် လေ့လာခြင်း"၊ ရှမ်းပြည်နယ် ကျိုင်းတုံမှ ညီလာခံကိုယ်စားလှယ် ဦးမင်းဟန်နှင့်အဖွဲ့က "အာခါရိုးရာတိုင်းရင်းသားတို့၏ ကျန်းမာရေးဆိုင်ရာ ရိုးရာဓလေ့များနှင့် ကြီးရွှေကုသမှုကို လေ့လာခြင်း"၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်ကေသီမာက "သတ္တုအကြောင်း သိကောင်းစရာ"၊ မကွေးတိုင်းဒေသကြီးမှ ကိုယ်စားလှယ် ဒေါ်မြင့်မြင့်ကြည်က "ဆီးဖြူနှင့် ရသာယနသတ္တိ"၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒေါ်နေနေနိုင်ရည်က "ဝိဇ္ဇာဓရနယ ဆေးပညာရပ်၌အကျုံးဝင်သည့် နဝရတ်ကိုးပါး၏ ဂုဏ်စွမ်းအားများသည် လူသားတို့၏ လောကီရေးရာနှင့် ကျန်းမာရေးအတွက် တိုက်ရိုက်ဆက်စပ်အကျိုးကျေးဇူး ရှိနေခြင်းကို တိုင်းရင်းဆေးပညာနှင့် ယှဉ်တွဲပြီး စာပေအထောက်အထားများအရ လေ့လာတင်ပြခြင်းအား ဖော်ထုတ်လေ့လာခြင်း" ခေါင်းစဉ်တို့ဖြင့် စာတမ်းများ ဖတ်ကြားကြသည်။

ပညာရပ်များ နှီးနှောဖလှယ်

မွန်းလွဲပိုင်းတွင် နှီးနှောဖလှယ်ပွဲဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယက ဦးမြင့်လွင်က သဘာပတိအဖြစ် လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိန်းဇော်လင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းညွှန့်တို့က သဘာပတိအဖွဲ့ဝင်များအဖြစ်လည်းကောင်း ဆောင်ရွက်ကြပြီး ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခင်မျိုးဆွေနှင့်အဖွဲ့က "ငန်းဖျားရောဂါအား လေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မေသန်းမြင့်ထွေးနှင့်အဖွဲ့က "အရေပြားရောဂါ (ဝဲ၊ ယားနာ၊ ပွေး၊ ဒက်၊ အနာစက်)၌ ဆေးအမှတ်(၆)၊ ဆေးအမှတ်(၂၁)နှင့် အုန်းဆီတို့ပေါင်းစပ် လိမ်းကျံစေခြင်းဖြင့် သက်သာ ပျောက်ကင်းမှုအား လေ့လာခြင်း"၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဒေါ်ခိုင်ဇာလင်းနှင့်အဖွဲ့က "အနာပေါက်ရောဂါကုထုံးအစဉ်များမှ အနာတင်ဆေးအဖြစ် အသုံးပြုသော အသားနုတက်ဖယောင်းချက်အားလေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဇာဇာဌေး (မှန်ချို)က "တိုးချဲ့စိုက်ပျိုးထိန်းသိမ်းသင့်သော ဆေးဖက်ဝင်ဇာတိပ္ဖိုလ်ပင်"၊ ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးတန်လီက "ကချင်တိုင်းရင်းသားများ မိရိုးဖလာအသုံးပြုခဲ့သည့် ဆေးဖက်ဝင်အပင်များ" ခေါင်းစဉ်တို့ဖြင့် စာတမ်းများ ဖတ်ကြားကြပြီး နှီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများက စာတမ်းများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေး အကြံပြုကြကာ ပညာရပ်များ နှီးနှောဖလှယ်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ထို့နောက် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး (၂၂)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသူများ၊ စာတမ်းရှင်များ၊ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၃) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် ပညာရေးဆိုင်ရာ မြှင့်တင်မှုလုပ်ငန်းများကို တည်ငြိမ်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်စေပြီး ဗလငါးတန်နှင့်ပြည့်စုံသော အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင်များ မွေးထုတ်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့တတ်စွမ်းသည့်ဘက်မှ အမျိုးသားပညာရည်မြင့်မားရေးကို မြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၆၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၂-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၄၀	၂၁၂၂
95 Ron	၂၅၃၉	၂၆၂၃
HSD (500 ppm)	၂၂၆၄	၂၃၇၀
HSD (50 ppm)	၂၃၅၀	၂၄၂၇
HSD (10 ppm)	၂၃၅၇	၂၄၃၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၁၁၀၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှည်းကူးမြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်(အရှေ့ပိုင်း)၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင် မြို့နယ်တို့မှ ပြည်သူ ၂၂၀၀ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေး လေ့လာမှုများ ဆောင်ရွက်ကြသည်။

ဒီဇင်ဘာ ၄ ရက်မှ ၂၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၂၈ ခုမှ စုစုပေါင်း မဲဆန္ဒရှင်ပြည်သူ ၂၆၁၅၁ ဦး လက်တွေ့ စမ်းသပ်မဲပေး လေ့လာခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ၂၃ ရက်တွင် ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတကာသတင်း

ဟားမားစ်တို့၏ ဥမင်လိုဏ်ခေါင်းကွန်ရက်ကို ဖျက်ဆီးပြီးဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ပြော

ဥမင်လိုဏ်ခေါင်းတစ်ခုကို ကြည့်နေသည့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ဂါဇာ ဒီဇင်ဘာ ၂၂

ဂါဇာအလယ်ပိုင်းရှိ ဟားမားစ် ခေါင်းဆောင်တို့ မကြာခဏအသုံး ပြုလေ့ရှိသော အဆောက်အအုံ နှင့် ဆက်သွယ်ထားသော ဥမင် လိုဏ်ခေါင်းကွန်ရက်ကို ဖျက်ဆီး ပြီးဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။

ဥမင် လိုဏ်ခေါင်းများသည် ဘန်ကာများနှင့် တိုက်ခန်းများ အောက်ရှိ ပုန်းခိုရာနေရာများကို ဆက်သွယ်ထားကြောင်း အစ္စရေး တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ် ဟာဂရီက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောသည်။ သီသာ ထင်ရှားသည့် အခြေခံအဆောက် အအုံများကို ဖျက်ဆီးခြင်းဖြင့် ဟားမားစ်အဖွဲ့၏ မဟာဗျူဟာ မြေအောက် လုပ်ဆောင်နိုင်မှုများကို ဆုံးရှုံးစေသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

မြေအောက် ဥမင်လိုဏ်ခေါင်း ကွန်ရက်ကို ဟားမားစ်အဖွဲ့၏ ထိပ်ပိုင်းခေါင်းဆောင်များ အသုံး ပြုခဲ့သည်ဟု ဒီဇင်ဘာ ၂၀ ရက် တွင် ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အစ္စရေးတပ်ဖွဲ့ဝင် များသည် ဂါဇာမြောက်ပိုင်းနှင့် ဂါဇာတောင်ပိုင်းတို့တွင် ၎င်းတို့ ၏ မြေပြင်ထိုးစစ်ဆင်မှုများ ကို အရှိန်မြှင့်တင်လျက်ရှိသည်ဟု ဟာဂရီက ပြောသည်။

အပစ်အခတ် ရပ်စဲမှု သက်တမ်း ကုန်ဆုံးပြီးနောက် ၎င်းတို့သည် ဟားမားစ်တိုက်ခိုက် ရေးသမား ၂၀၀၀ ကို ဖယ်ရှား ရှင်းလင်းပြီးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ဂါဇာတောင်ပိုင်း ခန်ယူနစ်တွင် အစ္စရေးတပ်ဖွဲ့ဝင် အရေအတွက်ကို တိုးမြှင့်ပြီး မြေပြင်တိုက်ပွဲများကို အာရုံ စိုက်ထားကြောင်း ၎င်းက ဆက် ပြောသည်။ ဂါဇာမှ အစ္စရေးနိုင်ငံ အလယ်ပိုင်းသို့ ဒုံးတည်ကာ ဒုံးကျည်များ ပစ်ခတ်ခံရကြောင်း ဒီဇင်ဘာ ၂၁ ရက်က အစ္စရေး မီဒီယာများတွင် ဖော်ပြကြသည်။ အချို့ဒုံးကျည်များကို အစ္စရေး နိုင်ငံ၏ အကြီးဆုံးစီးပွားရေး မြို့တော်တဲလ်အဗီးဗ်မြို့သို့ ဦးတည်က ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

ပရာ့ဂ်မြို့ရှိ တက္ကသိုလ်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ၁၄ ဦးသေဆုံး

ပရာ့ဂ် ဒီဇင်ဘာ ၂၂

ချက်သမ္မတနိုင်ငံရှိ တက္ကသိုလ် တစ်ခုတွင် သေနတ်သမားတစ်ဦး ၏ပစ်ခတ်မှုကြောင့်၁၄ ဦး သေဆုံး ပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်သည် ပရာ့ဂ်မြို့ အလယ်ပိုင်းရှိ ချားစ်တက္ကသိုလ်၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ သေနတ်သမားမှာ တက္ကသိုလ်မှ အသက် ၂၄ နှစ်အရွယ် ကျောင်း သားတစ်ဦးဟုယူဆရပြီး ကျောင်း ဝင်းထဲတွင် သေဆုံးသွားကြောင်း အတည်ပြုထားသည်။ ယမန် နေ့က ၎င်း၏ဖခင်ဖြစ်သူကိုလည်း ပရာ့ဂ်မြို့အပြင်ဘက်ရှိ နေအိမ် တွင် သေဆုံးလျက်တွေ့ရှိခဲ့သည်။ ရဲတပ်ဖွဲ့က ဖြစ်စဉ်အကြောင်း ရင်းကို ဖော်ထုတ်ရန် ကြိုးပမ်း နေပြီး ဖခင်သေဆုံးမှုသည် ပစ်ခတ်မှုနှင့် ဆက်နွှယ်မှုရှိမရှိ သိရှိနိုင်ရန်လည်း ကြိုးပမ်းလျက် ရှိသည်။

အဆိုပါ တက္ကသိုလ်သည် ချားစ်တံတားကဲ့သို့သော သမိုင်းဝင် အဆောက်အအုံများ တည်ရှိရာ နေရာအနီးတွင် တည်ရှိပြီး ခရစ္စမတ်ပွဲတော် ကာလဖြစ်၍ ခရီးသွားများ၊ ကျောင်းသားများနှင့် အခြားသူများဖြင့် စည်ကားသည့် နေရာတစ်ခုဖြစ်သည်။ **အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

အိုပက်အဖွဲ့မှ နုတ်ထွက်တော့မည်ဟု အင်ဂိုလာနိုင်ငံ ကြေညာ

လူအန်ဒါ ဒီဇင်ဘာ ၂၂

ရေနံတင်ပို့ရောင်းချသူများအသင်း (OPEC) မှ နုတ်ထွက်တော့မည်ဟု အင်ဂိုလာနိုင်ငံက ကြေညာခဲ့သည်။ ရေနံထုတ်လုပ်မှုကို နောက်ထပ် လျှော့ချရန်ရည်ရွယ်သည့် ဆွေးနွေးမှုကို အင်ဂိုလာနိုင်ငံက သဘော မတူကြောင်း အစီရင်ခံစာဖော်ပြပြီးနောက် ယခုကဲ့သို့လှုပ်ရှားမှု ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂၁ ရက်တွင် အင်ဂိုလာနိုင်ငံက ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ အိုပက်အဖွဲ့ကြီးအတွင်း ဆက်လက် နေရမှုဖြင့် အင်ဂိုလာနိုင်ငံအတွက် မည်သည့်အကျိုးကျေးဇူးမျှမရနိုင် ကြောင်း နိုင်ငံ၏အကျိုးစီးပွားအတွက် အဖွဲ့ကြီးမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာလအတွင်းကပြုလုပ်သည့် အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် အခြားသောရေနံထုတ်လုပ်သည့်နိုင်ငံများ၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲ တွင် အင်ဂိုလာနှင့် အခြားသောအာဖရိက အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏ရေနံထုတ်လုပ်မှုလျှော့ချရန် အစီအစဉ်ကို တွန့်ဆုတ်နေ ကြကြောင်း ဖော်ပြခဲ့သည်။ အင်ဂိုလာနိုင်ငံ၏ နုတ်ထွက်မှုကြောင့် အိုပက်အဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံသာ ကျန်ရှိမည်ဖြစ် သည်။ **အင်န်အိတ်ချ်ကေ**

သီရိလင်္ကာနိုင်ငံ၏ အဓိကလေဆိပ်မှ ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၈၀ အကျိုးအမြတ်ရရှိ

ကိုလံဘို ဒီဇင်ဘာ ၂၂

သီရိလင်္ကာနိုင်ငံ၏ အဓိကအပြည်ပြည်ဆိုင်ရာ လေဆိပ်ဖြစ်သော ဘန်ဒါရာနာ့ခ်လေဆိပ်သည် ၂၀၂၃ခုနှစ်အတွင်း ဝင်ငွေအမေရိကန် ဒေါ်လာ သန်း ၈၀ ခန့် အကျိုးအမြတ် ဖြစ်ထွန်းခဲ့သည်ဟု ဒီဇင်ဘာ ၂၂ ရက်က နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။

၂၀၂၂ခုနှစ်က အဆိုပါလေဆိပ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ သန်းဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်ဟု ဆိပ်ကမ်း၊ သင်္ဘောနှင့် လေကြောင်း သယ်ယူပို့ဆောင်မှုဝန်ကြီး နိမယ်လ်စီရီပါလာက ပြောသည်။ ခေတ်မီ စက်ကိရိယာများနှင့်ရေဒါများ တပ်ဆင်ခြင်းအပါအဝင် လေဆိပ် အဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရန် အစိုးရကဆောင်ရွက် ပေးခဲ့ကြောင်း ၎င်းကပြောသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ခရီးသွား ငါးသန်းကို ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ဘန်ဒါရာနာ့ခ် အပြည်ပြည် ဆိုင်ရာလေဆိပ်၏ စွမ်းဆောင်မှုများကို မြှင့်တင်ခြင်းဖြင့် ခရီးသွား လုပ်ငန်းတိုးတက်ရန် အဓိကအချက်ဖြစ်လာမည်ဖြစ်ကြောင်း အစိုးရ အရာရှိများက ပြောသည်။ **ဆင်ဟွာ**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာ ပွဲတော် နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၂၂ ရက်က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



ဓာတ်ပုံ - ဟိန်းထက်ဇော်(မြန်မာ့အလင်း)

SOCCER

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုလုပ်ငန်းများသည် ပြည်သူ့ရေးရာကိစ္စရပ်များကို စီမံခန့်ခွဲဆောင်ရွက်နေသည့် ဌာနများအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှသာ အဆင်ပြေအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်း၌ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေကြသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်များနှင့်ပါ ယှဉ်တွဲလေ့လာဆည်းပူးခွင့်ရရှိခဲ့ကြသဖြင့် သင်တန်းမှရရှိခဲ့သည့် ပညာရပ်များ၊ အတွေ့အကြုံများကိုအသုံးချ၍ ပြည်သူကိုဝန်ဆောင်မှုပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိဌာနရှိ ဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးကြရန်နှင့် မိမိကိုယ်တိုင် လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးများ တိုးတက်နေစေရေးအတွက် အစဉ်လေ့လာဆည်းပူးနေကြရန်လိုကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၂၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။ "ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို တည်ထောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန်" ဟူသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၏ ရည်မှန်းချက်ဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ယနေ့အထိ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်းသင်တန်းသား ၂၁၄ ဦးကို သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖျာပုံအကျဉ်းထောင်အားကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ဖျာပုံအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံကာ(အပေါ်ပုံ) အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်မှု၊ ထောင်ဝင်စာပစ္စည်းများစုံလင်စွာ ရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ၊ ဧည့်တွေ့ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန် ဗဟုသုတရဖွယ်ရာ စာအုပ်စာစောင် ၅၀ ကို ကော်မရှင်မှ လှူဒါန်းရာ ဖျာပုံအကျဉ်းထောင် တာဝန်ခံအရာရှိက လက်ခံရယူသည်။

အရေးယူဆောင်ရွက်

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပျူခေတ်မှ ယနေ့အထိ မြန်မာ့သမိုင်းစာတမ်းများပြုစုမှု ခေတ်လေးခေတ်အကြောင်း ရေးသားပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာ့သမိုင်းကို တစ်ဆက်တစ်စပ်တည်း အမှန်အတိုင်းသိရှိနိုင်ရန်အတွက် ပျူခေတ်မှစ၍ ယနေ့အချိန်အထိ စာတမ်းများပြုစုလျက်ရှိရာ ခေတ်လေးခေတ်အကြောင်းကို ရေးသားပြီးစီးပြီဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ရေးသားနိုင်ရန်အတွက် စာပေအထောက်အထားများ၊ ကွင်းဆင်းသုတေသန အစီရင်ခံစာများ၊ တူးဖော်တွေ့ရှိချက်များ၊ ကျောက်စာများကို အခြေခံကာ ဝန်ကြီးဌာနနှင့် ပြင်ပပညာရှင်များက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ပျူခေတ်ကတော့ ရေးသားဆဲပါ။ ပုဂံခေတ်ကတော့ ရေးပြီးသွားပြီ။ စစ်ကိုင်း၊ အင်းဝနဲ့ ညောင်ရမ်းခေတ်လည်း ပြီးသွားပြီ။ ကုန်းဘောင်ခေတ်ကလည်း တချို့တစ်ဝက်ပြီးသွားပြီ" ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းထွန်းဦးက ပြောသည်။

စာတမ်းပြုစုသည့် ရည်ရွယ်ချက်မှာ မြန်မာ့သမိုင်းကို အမှန်အတိုင်းသိရှိရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ မျိုးချစ်စိတ်များ ဖြစ်ပေါ်လာစေရန်နှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်း ဖြစ်စဉ်များကို ပြန်လည်သိရှိလာပြီး ထိန်းသိမ်းနိုင်စေရန်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှ စ၍ ပျူခေတ်ကာလအထိ သမိုင်းကြောင်းအစဉ်အဆက်ဖြတ်သန်းခဲ့သော ပျူလူမျိုးများ၏ မျိုးရိုးဗီဇများနှင့် ယနေ့ခေတ်ကာလ လူမျိုး များ၏ မျိုးရိုးဗီဇကိုလည်း နှိုင်းယှဉ်လေ့လာသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **သစ်တော်**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သန်လျင် ဒီဇင်ဘာ ၂၂

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲတွင် စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ အထူးပြုဘာသာရပ်အသင်း၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ အထူးပြုဘာသာရပ်အသင်း၊ အသုံးချစာရင်းအင်းပညာ အထူးပြုဘာသာရပ်အသင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာအထူးပြုဘာသာရပ်အသင်း၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ အထူးပြုဘာသာရပ်အသင်းနှင့် ပထမနှစ်သင်တန်းအသင်း စုစုပေါင်း အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၅ နာရီက ပြုလုပ်ရာ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) မှ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်မြင့်မြင့်စိန်၊ စီမံခန့်ခွဲရေးဌာနနှင့် သင်ကြားရေးဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲတွင် အသုံးချစာရင်းအင်းပညာ အထူးပြုဘာသာရပ်အသင်းက လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ အထူးပြုဘာသာရပ်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ပထမဆုရရှိသော အသင်းအားဆုဖလား၊ ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း(**ယာပုံ**)၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်းက ဒုတိယဆုရရှိသော အသင်းအား ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ တက္ကသိုလ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ သင်တန်းရေးရာဌာနမှူး၊ ဦးဇော်မိုးအောင်က တတိယဆုရရှိသော ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ အထူးပြုဘာသာရပ်အသင်းအား ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ၂၇၈ ဦးအား ပူဇော်ကန်တော့ရန်အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလှူငွေကျပ် သိန်း ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ် ၂၅ သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် Nation Light ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၁၀ သိန်းစီ၊ သံအမတ်ကြီး ဒေါက်တာ လှမောင် (ဖောင်ဒေးရှင်း)က ငွေကျပ် ခုနစ်သိန်းနှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ

ကျန်းမာရေး စစ်ဆေးခွင့်ကတ် ၂၀၊ အမျိုးသားစာပေ တစ်သက်တာဆုရ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစုက ငွေကျပ် နှစ်သိန်း၊ ဆရာမကြီး ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်) သား- ထင်လင်းကျော်၊ သမီး-နန့်ချစ်ကြည်နှင့် ဦးဇော်အောင်ချို (မိုးစွန်ကြယ်စာပေ)တို့က ငွေကျပ် တစ်သိန်းစီ။

ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)- ယဉ်မွှေးပန်း(ဟဲဟိုး)၊ ဦးနိုင်လင်းထွန်း- စာရေးဆရာမ မြတ်နိုးရှင်း၊ ဒေါက်တာသိန်းဝင်း (မြသာဝင်း)၊ ဆရာရေနံ့သာမောင်ကျော်ညွှန့်၊ အလုံမြို့နယ် စာရေးဆရာအသင်း၊ ဟင်္သာတမြို့နယ် စာရေးဆရာအသင်းနှင့် ရေကြည်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်း၊ သဉ္ဇာလှိုင်(လားရှိုး)က ငွေကျပ် တစ်သောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်- လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ - ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည်(အောင်ကြည်ညွှန့်-တက္ကသိုလ်) တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သီပေါဒေသမှ ယာယီနေရပ်စွန့်ခွာ ဒေသခံများအား လားရှိုးမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်က ဆန်နှင့် အဝတ်အထည်များ ထောက်ပံ့ပေး

သီပေါ ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသ ကျင်သီ၊ ပေါ်ကြို၊ မန်ဟဲ၊ ဆားတွင်း၊ အုံမု၊ တွန်တီး၊ နားခဲ၊ စံဖိတ်၊ စံလိုင်၊ နားလွယ် စသည့်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာ ဒေသခံများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများ စားဝတ်နေရေး အခက်အခဲမရှိစေရန် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒ အရှင်သူမြတ်က စားသောက်စရာနှင့် အဝတ်အထည်များ ကူညီထောက်ပံ့ပေးသည်။

အဆိုပါ ယာယီနေရပ်စွန့်ခွာ ရဟန်းရှင်လူပြည်သူများ စားဝတ်နေရေးအတွက် လားရှိုးမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးက ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ကြာဆံ၊ ခေါက်ဆွဲခြောက်တို့အပြင် အနွေးထည်များ၊ သင်္ကန်း၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို သီပေါမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းထွန်းလှိုင်နှင့် အမှုဆောင်များမှတစ်ဆင့် ပေးအပ်လှူဒါန်းသည်။

သီပေါမြို့နယ် ခိုလှုံရေးစခန်း ၁၉ ခုမှ ယာယီနေရပ်စွန့်ခွာ ၂၈၂၉ ဦးနှင့် သံဃာတော်များ၊ သီလရှင်ဆရာလေးများ အပါအဝင် ၁၈၅ ပါး ရှိကြောင်း သိရသည်။ **စိုင်း (သီပေါ)**

အန်းဖီးလ်မှာ အောင်ပွဲခံမယ့်အသင်းက လီဗာပူးလား၊ အာဆင်နယ်လား

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ်(၁၈)နဲ့ ကြားရက်မှာ ပရီမီယာလိဂ် ပွဲစဉ်(၁၉)ကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့နေတဲ့ပွဲစဉ်ပါဝင်သလို တန်းဆင်းဇုန်အသင်းအချင်းချင်းတွေ့နေတဲ့ ပွဲစဉ်လည်း ပါဝင်နေပါတယ်။

ဝက်စ်ဟမ်းနှင့် မန်ယူ ပွဲစဉ်ကို ဒီဇင်ဘာ ၂၃ ရက် ည ၇ နာရီမှာ ယှဉ်ပြိုင်မှာပါ။ မန်ယူရဲ့ ခြေစွမ်းက နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရတဲ့အထိ အဆိုးဘက် ဦးတည်နေတယ်။ ဝက်စ်ဟမ်းက ယခုပွဲစဉ်မတိုင်မီ လီဗာပူးနဲ့ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ ဒါ့အပြင် အာဆင်နယ်နဲ့လည်း ကစားရဖို့ရှိတယ်။ ဝက်စ်ဟမ်းအသင်းထက် မန်ယူအသင်း အသာရဖွယ်ရှိတယ်။

ဝုဖ်နှင့် ချယ်ဆီး ပွဲစဉ်ကို ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ ချယ်ဆီးက ယခုပွဲစဉ်မတိုင်မီ နယူးကာဆယ်ကို အနိုင်ယူပြီးကာ ရာဘောင်ဖလားဆီမီးဖိုင်နယ် တက်လှမ်းထားနိုင်လို့ နိုင်လိုစိတ်ပြင်းထန်နေတယ်။ ဝုဖ်က နောက်ဆုံးငါးပွဲမှာ နိုင်ပွဲတစ်ပွဲသာရရှိတာကြောင့် ခြေစွမ်းကျဆင်းနေတယ်။ ချယ်ဆီးအနေနဲ့ ခက်ခက်ခဲခဲကစားပြီး ဝုဖ်ကို နိုင်ဖွယ်ရာရှိတယ်။

လီဗာပူးနှင့် အာဆင်နယ် ပွဲစဉ်ကို ဒီဇင်ဘာ ၂၄ ရက် နံနက် အစောပိုင်းမှာ ယှဉ်ပြိုင်မှာပါ။ ဒီနှစ်သင်းက နိုင်တဲ့အသင်း အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိမှာဖြစ်တဲ့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်း ထိပ်တိုက်တွေ့ဆုံထားတဲ့ နောက်ဆုံးသုံးကြိမ်မှာ တစ်ကြိမ်စီ နိုင်ပွဲရရှိထားပြီး တစ်ကြိမ် သရေကျထားတယ်။

မန်ယူနှင့် ဗီလာ ပွဲစဉ်ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၂ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ ဗီလာက မန်ယူအသင်းထက် ခြေစွမ်းသာလွန်မှု ရှိတယ်ဆိုပေမယ့် နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ မန်ယူက အသာရထားတယ်။ မန်ယူက ခြေစွမ်းတည်ငြိမ်မှု မရှိဘူးဆိုတာမှန်ပေမယ့် အသင်းကြီးတွေနဲ့တွေ့ဆုံတိုင်း နိုင်လိုစိတ်နဲ့အတူ ခြေကုန်ထုတ်လေ့ရှိတာကြောင့် ဗီလာကို အသာရဖွယ်ရှိတယ်။

ရှက်ဖီးလ်နှင့် လူတန် ပွဲစဉ်ကို ဒီဇင်ဘာ ၂၆ ရက် ည ၉ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ တန်းဆင်းဇုန်အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ တန်းဆင်းဇုန်က လွတ်မြောက်ဖို့အတွက် နှစ်သင်းလုံး မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ ရှက်ဖီးလ်အသင်းထက် လူတန်အသင်းက သာလွန်မှုရှိတယ်။ ဒါပေမယ့် အဆုံးသတ်သေချာတဲ့အသင်း ရလဒ်ကောင်းရရှိမယ်။

အဲဗာတန်နှင့် မန်စီးတီး ပွဲစဉ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်မှာ ယှဉ်ပြိုင်မှာပါ။ အမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံထားရသည့်တိုင် အဲဗာတန်ရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိနေတယ်။ မန်စီးတီးက အမှတ်ပေးဇယား ဦးဆောင်သူနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းစေဖို့အတွက် အဲဗာတန်ကို မဖြစ်မနေနိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ အဲဗာတန်အသင်း ခြေစွမ်းထက်တာမှန်ပေမယ့် မန်စီးတီးကို နိုင်ဖွယ်ရာမရှိဘူး။

အောင်ဇော်

○ *ကျောဖုံးမှ*

Takeo Strike အသင်းကို ခုနစ်ဂိုးပြတ်၊ ရန်ကုန်ဂလက်စီအသင်းက Passion အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ဂလက်စီအသင်းကို လက်ရွေးစင်ဟောင်း တိုက်စစ်ကစားသမား ကြည်လင်းက ဦးဆောင်ခဲ့ပြီး ၂၆၊ ၆၁ မိနစ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ကျန်အနိုင်ဂိုးများကို ၄၂၊ ၅၇ မိနစ်တွင် ဂရေဟာမ်၊ မိနစ် ၅၀ တွင် မောင်တော့ပ်တို့က သွင်းယူခဲ့သည်။ Passion အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၃၀ တွင် လှဘုန်းဦးက သွင်းယူခဲ့သည်။ GOA Hmawbi အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးဒါဇင်ဝက်ကျော်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ GOA Hmawbi အသင်းအတွက် အနိုင်ဂိုးများကို ၁၂၊ ၂၅၊ ၅၉ မိနစ်တွင် ကျော်ဝေယံမိုး၊ ၃၄ မိနစ်တွင် ဝင်းထိုက်၊ ၄၁ မိနစ်တွင် Daniel Bawl Tin Thang ၊ ၇၄၊ ၈၂ မိနစ်တွင် David Rual Laph Hmung တို့က သွင်းယူခဲ့သည်။ အုပ်စု (ခ) တွင် နှစ်ပွဲစီကစားအပြီး၌ GOA Hmawbi အသင်းနှင့် ရန်ကုန်ဂလက်စီအသင်းက ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာခဲ့ပြီး Takeo Strike အသင်းနှင့် Passion အသင်းတို့မှာ အမှတ်မရသေးပေ။

ဒီဇင်ဘာ ၂၃ ရက် **(ယနေ့)** တွင် အုပ်စု (က) နောက်ဆုံးနေ့ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ပြီး TKG Hmawbi အသင်းနှင့် Burmese Bees အသင်း၊ Rainbow အသင်းနှင့် Rangers အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)		
စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၁၀ ကျပ်	၂၄၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၆၅ ကျပ်	၂၅၁၅ ကျပ်
အောက်တိန်း ၉၂	၂၅၆၀ ကျပ်	၂၆၁၀ ကျပ်
အောက်တိန်း ၉၅	၂၆၆၀ ကျပ်	၂၇၁၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၈၈၀၀	၂၀	၁၇၆၀၀၀
MTSH	၂၈၀၀	၂၈၅၀	၁၂၉	၃၆၇၆၀၀
MCB	၇၈၀၀	၇၈၀၀	၄၁	၃၁၉၈၀၀
FPB	၁၆၀၀	၁၆၅၀	၈၆၅	၁၃၈၄၀၅၀
TMH	၂၄၅၀	၂၄၅၀	၃	၇၃၅၀
EFR	၁၉၅၀	၂၀၀၀	၉၄၁	၁၈၅၈၅၀၀
AHPC	၄၈၀၀	၄၈၀၀	၂၂၇	၁၀၆၇၅၀၀
MAEPC	၁၇၀၀	၁၇၀၀	၃၆၈	၆၂၅၆၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ၌ ကိုးနဝင်းဘုရားပွဲပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲပြုလုပ်နေစဉ် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးသည် ကော့ကဒွတ်ရွာဘက်မှ ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး ဘောလုံးကွင်းတောင်ဘက် မီတာ ၅၀ ခန့်အကွာမှ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား တောင်စွန်း လူမှုကူညီကယ်ဆယ်ရေး အသင်းယာဉ်ဖြင့် ဘီးလင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက် ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာ ရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာရှိ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲကျင်းပနေစဉ် PDF အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် နေရာပြပုံ။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းကို ၄၀ မမဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘန်ကာအတွင်း ကျရောက်ပေါက်ကွဲပြီး ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းကို ဒီဇင်ဘာ ၂၁ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဘန်ကာအတွင်း ကျရောက်ပေါက်ကွဲပြီး ရဲတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၂၁ ရက်တွင် မည်သည့်ဗုံးကွဲမှုနှင့် လက်နက်ကြီး ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုမရှိခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လူမှုကွန်ရက် စာမျက်နှာများကို အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထင်ယောင်ထင်မှားဖြစ်စေရန် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးအားမြှောက် ပြုလုပ်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၂ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၁၅ လမ်းနှင့် ၆၅ လမ်းထောင့်တွင် ဟိန်းထက်အောင် မောင်းနှင်လာသည့် MARK II မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၅၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၅ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ရန်ကုန် - မန္တလေးလမ်းနှင့် ရန်အောင်မင်္ဂလာလမ်းထောင့်တွင် အိုက်စ်(မက်သ်အဖက်တမင်း)များသယ်ဆောင်ခိုင်းသူ မနန်း(ခ)မရှမ်းမ(ခ)မနန်းရွှေလူ အား ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဟိန်းထက်အောင်နှင့် မနန်း (ခ) မရှမ်းမ (ခ) မနန်းရွှေလူ တို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Pann Nu Wai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာနေ ပန်းနုဝေအား ည ၇ နာရီ မိနစ် ၂၀ တွင် ရွှေတွင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဦးလွင်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာ အနီးတွင် Toyota Corolla Fielder အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀၊ ဘိန်းဆီခဲ ၃၆ ဒသမ ၄ ကီလိုကို လည်းကောင်း။ ဒီဇင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် လော်ဂျူးမောင်းနှင်ပြီး ဂျာနုလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၃၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၁ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

လေထုစိုထိုင်းဆအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်ပါသည်။

ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၁၈ မီလီမီတာမှ ၂၅ မီလီမီတာအတွင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၆ မီလီမီတာမှ ၃၃ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၃၄ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း အသီးသီး ရှိနိုင်ပါသည်။

မြေဆီလွှာအောင်းရေအခြေအနေ

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။ **မိုး(ဇ/လ)**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေး လာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက် ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "လူဦးရေနှင့် နိုင်ငံဖွံ့ဖြိုးမှု ဟန်ချက်ညီရေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သည့် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ကာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K. M. A တို့၏ "လူဦးရေနှင့် နိုင်ငံဖွံ့ဖြိုးမှု ဟန်ချက်ညီရေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုကိုအောင်(အလုပ်သမား) စိန်ဝင်းမော်၊ ကိုကျော်စွာ (ကျိုက်ပိ)၊ ထက်ဝေအောင် (စစ်ကိုင်း)တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ လှဲ့လှဲ့ဝင်း (သတ္တဗေဒ)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၊ ကျော်နန္ဒအောင်(MPA)တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာ လွင်သန့်၊ ဒေါက်တာ ကောင်းစံ တို့၏ မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာ မြင့်သန်း၊ တင်မာလွင်တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ စိန်ဝင်းနွယ်၊ ဆောင်းဝင်းလတ်၊ ခြယ်မှုန်းသီ၊ သုတကျော်၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်သည်။ **သတင်းစဉ်**

မြိတ်တက္ကသိုလ်၌ မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆို

မြိတ် ဒီဇင်ဘာ ၂၂

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းသန်းက မြိတ်တက္ကသိုလ်နှင့် ပတ်သက်သည့် သိရှိရန် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယပါမောက္ခချုပ်ဒေါက်တာ စိုးမိုးလွင်က ကျောင်းသား ကျောင်းသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် နိုင်ငံ့အကျိုး/ လူမှုစီးပွားအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့် နိုင်ငံတော်မှအားထားရသော သားကောင်း/ သမီးမွန်များဖြစ်အောင် ကြိုးစားသွားရန် ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ပါမောက္ခဌာနမှူးများက ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ခြင်းနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဌာနတာဝန်ခံများ၊ ဆရာ ဆရာမများ၊ မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ကောင်းကောင်း(မြိတ်)**

မိုင်းဖြတ်မြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို စာသင်ဝိုင်း ၂၀ ဖြင့် စတင်ဖွင့်လှစ်

မိုင်းဖြတ် ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ၂၀၂၃ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း(ဆိုက်ခေါင်)၌ ကျင်းပပြီး စာသင်ဝိုင်း ၂၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စာသင်ဝိုင်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် မြို့နယ်အတွင်း လူဦးရေသန်းခေါင်စာရင်းအရ ပညာတတ်မြောက်မှုအခြေအနေများ နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် တာချီလိတ်ခရိုင်ပညာရေးမှူး ဒေါ်သန္တာလွင်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ၊ သင်ကြားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး စာသင်ဝိုင်းများကို စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ နည်းပြဆရာ ဆရာမများနှင့်အတူ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သီတာဝင်းနှင့်အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြသည်။

မိုင်းဖြတ်မြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာဖတ်ဝိုင်းများကို ဒီဇင်ဘာ ၂၀ရက်မှစတင်၍ ရက်ပေါင်း ၄၀ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာ၌ စာသင်ဝိုင်း ၂၀၊ စာသင်သား ၂၃၆ ဦးရှိကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

အဆိုပါ စာသင်ဝိုင်းများအနက် ဆိုက်ခေါင်ကျေးရွာ၊ ပါဆန်းရွာများရှိ စာသင်ဝိုင်းများ သင်ကြားပြသနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အမှတ်(၇)၊ ဒီဇင်ဘာလ၊ ၂၀၂၃။ တန်ဖိုး-၈၀၀ကျပ်

English for Students

ဘာသာရပ်ဆိုင်ရာ ဝါရင့်ဆရာကြီးများ ကြီးကြပ်တည်းဖြတ်သော

SUPPLEMENT လွယ်ကူလေ့လာ အင်္ဂလိပ်စာ

Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။

ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် အခြေခံပညာသင်ရိုးညွှန်းတမ်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ပြုစုထားသည်။

မြန်မာ့အလင်းရေး

ရန်ကုန် – ဒေါ်စိစိလှိုင် (ဗိုးကျော်စာပေ) ဖုန်း-၀၉ ၅၀၈၇၈၈၃၊ ၀၉ ၄၄၃ ၂၄၅ ၂၅၇

နေပြည်တော် – ဒေါ်ခင်မာဝင်း(ပညာဗီတာန်စာအုပ်တိုက်) ဖုန်း-၀၉ ၄၄၄ ၉၉၈ ၈၇၃၊ ၀၉ ၅၉၁၃၆၈၇၄၆

မန္တလေး – ဒေါ်စိစိလွင် (ရောင်စဉ်စာပေ) ဖုန်း-၀၉ ၄၄၄ ၁၀ ၅၉၅၉၊ ၀၉ ၄၄၄၁၀၆၉၆၉

သတင်းစာကိုယ်စားလှယ်နှင့် ရောင်းဝယ်သူ ဒေါ်နွဲ့နွဲ့ဦး (မြင့်ဦးစာပေ) ဖုန်း-၀၉ ၅၀၈၈၉ ၂၅၊ ၀၉ ၂၆၃၇၆၀၃၀

Ph : 018-387961, 018-376442, 09 269006353, 09 981163924

အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

ရမည်းသင်းမြို့၊ သိမ်ကုန်းကျေးရွာနေ ဦးညီညီလွင်၏သမီး မဇင်မွန်ထက်၏ အမည်မှန်မှာ မဇင်ထက်မွန် ၉/ရမသ(နိုင်)၂၆၉၅၉၃ ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၂၀၀၅ ဖြစ်ပါ ကြောင်း။

မဇင်ထက်မွန်

တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ တာရပိုင်းကျေးရွာနေ မမိုးမိုးလှိုင်၏ဖခင် ဦးအုန်းသွင်နှင့် ဦးမောင်သွင် ၆/ကစန(နိုင်)၀၄၈၀၀၉ မှာ တစ်ဦးတည်းဖြစ်ပြီးမမိုးမိုးလှိုင်၏မွေးသက္ကရာဇ်အမှန်မှာ ၃-၉-၁၉၉၄ ဖြစ်ပါကြောင်း။

ဦးအုန်းသွင်(ခ)ဦးမောင်သွင်

တစ်အိမ်လုံးတွင်

မည်သူမျှ

မရှိနေချိန်၌

မလိုအပ်သော

လျှပ်စစ်အသုံးပြုမှု

အားလုံးကို

ပိတ်ခြင်းဖြင့်

လျှပ်စစ်ကို

ချွေတာသုံးစွဲပါ

တစ်ဦးတည်းဖြစ်ပါကြောင်း

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ အိမ်အမှတ် (၁၃/၃၇)နေ ကျွန်မ ဒေါ်မီလူး (၁၃/တခလ(နိုင်)၀၇၂၆၁၁)၏ ဖခင်အမည် ဦးလော်ပို၊ ဦးလော်ဆာ ဖြစ်နေသော်လည်း ဦးလော်ပို(ခ)ဦးလော်ဆာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးလော်ပို(ခ)ဦးလော်ဆာ

ရန်ကုန်တိုင်းဒေသကြီး ၊ ဗိုလ်တထောင်မြို့နယ် ၊ မဟာဗန္ဓုလလမ်း ၊ (၅၀-၅၁လမ်းကြား)၊ မဟာနဝရတ်တာဝါ၊အခန်းအမှတ် (၆၀၂) ၊ (၆)လွှာ ဟုခေါ်တွင်သော Condominium အခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ Condominium တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်အကျိုး ခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရှမ်တာကာနီ(ခ)ဦးနိုင်ဝင်း – မန်းနေးဂျင်းဒါရိုက်တာ ၁၂/ဗတထ(နိုင်)၀၂၅၃၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆာရဝန်းကူးမားရ် ၁၂/ပဘတ(ဧည့်)၀၀၀၂၉၃ နှင့် မားနစ်(စ်)(ခ)ရန်နိုင် ၁၂/ပဘတ(ဧည့်)၀၀၀၇၉၃မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာအရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သင်းပပအောင်
LL.B, LL.M, D.B.L, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၆၇)
အမှတ် (၉၇၇/ခ)၊ အင်း၀(၈)လမ်း ၊ (၆)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–09-880 888 317, 09-69 221 4348

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ် (၂၀၄) ၊ အခန်းအမှတ် (C-607) ၊ (၆) လွှာ၊ အကျယ်အဝန်း (၁၂၃၈) စတုရန်းပေ (The Leaf Residence Condominium) နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ (Condominium) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါက်တာဟုန်ချင်ပန်း (COO) (၉/ပဥလ(နိုင်)၀၀၆၅၄၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းနိုင် (၁၄/လပတ(နိုင်)၁၁၄၀၄၃) နှင့် ဒေါ်မြတ်စုမွန်အောင် (၁၂/ဗဟန(နိုင်)၁၀၀၁၈၉) တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာ တမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သင်းပပအောင်
LL.B, LL.M, PBL, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၆၇)
အမှတ် (၉၇၇/ခ)၊ အင်း၀ (၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၈၈၀၈၈၈၃၁၇၊ ၀၉–၆၉၂၂၁၄၃၄၈

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးငင်ငိုလန်း(ဘ)ဦးထွာလ်ကမ်း ၃/ဘအန(နိုင်)၀၁၃၈၇၄ မှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး ၏ မှတ်ပုံတင်အမှတ်(၃၂၅)၊ ၂၁-၃-၂၀၁၇ ရက်စွဲဖြင့် ဦးကြည်မြင့်(ဘ)ဦးဂျပန် ၈/ နမန(နိုင်)၁၀၉၈၁၅ သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၂၃-၁၂-၂၀၂၃ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေး ကြေညာလိုက်ပါသည်။

ဦးငင်ငိုလန်း ၃/ဘအန(နိုင်)၀၁၃၈၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၂)၊ မြေကွက်အမှတ်(၃၁၆)၊ ပုဂံလမ်း၊ ဒေါ်စန်း MMA-155265 အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) အိမ်ခြံမြေ ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ ကတိပြုသူ ဦးဆန်းဦး ၁၂/ဥကတ(နိုင်)၀၈၂၀၈၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းစည်သူ ၇/ပတန(နိုင်)၁၀၉၈၁၆ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းစည်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စုရည်လှိုင်(LL.B)
(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၈၇၄၅)
အမှတ် ၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉– ၄၂၂၄၄၉၄၂၂၊ ၀၉– ၆၉၃၅၆၃၇၈၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/8957 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9403 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၃၂၇၆၅, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေငွေလှိုင် ၆/မမန(နိုင်)၁၄၈၂၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၉၀၀၇၄, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမျိုး ၆/မမန(နိုင်)၂၁၇၆၄၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃၁

ဦးဘကြိုင်	နှင့်	၁။ ဒေါ်နုနုသန်း	၉။ ဦးချစ်ကိုကို
		၂။ ဒေါ်ခင်မာရီ	၁၀။ ဒေါ်မြတ်သူဇာထွန်း
		၃။ ဒေါ်စိုးစိုးတင်	၁၁။ ဒေါ်မြင့်သိင်္ဂီထွန်း
		၄။ ဦးလှတင်	၁၂။ ဦးချိန်ခြောင်
		၅။ ဒေါ်စန္ဒာတင်	၁၃။ ဒေါ်မိတော့
		၆။ ဒေါ်ခင်ယုတင်	၁၄။ ဒေါ်ကြူကြူလေး
		၇။ ဦးမောင်မောင်တင်	၁၅။ ဒေါ်ကေခိုင်မြင့်
		၈။ ဦးရန်နိုင်ဝင်း	

တရားလို — တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အမှတ်(၁၇/ခ)၊ (၅)လမ်း၊ (၇)ကွက်နေ ဦးချိန်ခြောင်၊ ဒေါ်မိတော့ (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘကြိုင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေဆွေအေး)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

ဘိုးဘပိုင် /မြေပိုင်အခွင့်အရေးရရှိထားသော အမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၆)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ယိုးဒယားတန်း၊ ဦးပိုင်အမှတ်(၄၀–ဃ)၊ ဧရိယာ(၀.၀၉၁)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့် – အရှေ့လားသော် – လမ်းကြား၊ အနောက်လားသော်– ဦးပိုင်(၄၀–ခ)၊ တောင်လားသော် – ထောင်လမ်း၊ မြောက်လားသော် –ဦးပိုင်(၄၀–က)။

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ချိုချိုမြင့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့

ပြေးခုန်ပစ်အားကစားနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြေးခုန်ပစ် အားကစားနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အားကစားနည်းအလိုက် ပြေးခုန်ပစ် နည်းပြဆရာများ၊ ဒိုင်လူကြီးများ၊ ဒိုင်သင်တန်းပို့ချမည့် ဆရာများက ပြေးခုန်ပစ်အားကစားလောက တိုးတက်မြင့်မားစေရန်၊ မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ လူငယ်များ ပြေးခုန်ပစ်အားကစား အသိပညာများ တိုးတက်လာစေရန်၊ အရည်အချင်းပြည့်ဝသည့် လူငယ်ပြေးခုန်ပစ် နည်းပြများ၊ ဒိုင်လူကြီးများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ပြေးခုန်ပစ်အားကစားနှင့် ပတ်သက်သည့် အသိပညာများကို ဟောပြောဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ယူနေကြသည့် တိုင်းရင်းသားလူငယ်မောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ရှမ်းချောင်းရပ်၊ ကြံ့ခိုင်ရေးရုံးလမ်းနေ ဦးဇော်ဇော်မျိုးဟန်နှင့် ဒေါ်မွေးမွေးဦးတို့၏သား မောင်ထက်လင်းနိုင်(ခ)မင်းခန့် ၆/မမန(နိုင်)၂၆၃၃၈၂ သည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ဦးဇော်ဇော်မျိုးဟန်၊ ဒေါ်မွေးမွေးဦး

ဥတုရာသီ တောကိုမှီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ တောင်ပိုင်း အောင်မာဃလမ်း၊ အိမ်အမှတ် (၂၉၂/ခ)နေ (ဦးသိန်းထွန်း)-မိခင် ဒေါ်တင်တင်ခိုင်တို့၏သမီးဖြစ်သူ မဇင်မာသိန်း ၁၂/သဃက(နိုင်)၁၇၃၇၅၂သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

မိခင် ဒေါ်တင်တင်ခိုင်
၁၂/သဃက(နိုင်)၀၉၀၀၅၅

ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ (၁၈)နေ မဝင်းဝင်းမြင့် ၁၃/လရန(နိုင်)၂၄၂၁၅၁၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၆၇၉၇၆၁၀၉၁

ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ (၁၈)နေ မအေးအေးမြင့် ၁၃/လရန(နိုင်)၁၆၉၁၆၉၏ ပတ်စ်ပို့နံပါတ်(MBG89972) မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ ဖုန်း-၀၉-၆၉၁၉၉၆၈၈၈

ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ (၁၉)နေ မောင်ရန်သိန်းရှူ (၁၃/လရန(နိုင်)၁၃၆၃၆၁)၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၆၉၉၃၈၃၃၇၇

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်(မ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(118) မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေနေရာအား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးကောင်းညွှန့် (၅/မရန(နိုင်)၁၃၄၀၅၂) ဒေါ်မြင့်မြင့်သန်း(၅/မရန(နိုင်)၁၄၈၁၈၈)မှ အမည်ပြောင်းမြေငှားဂရန်အသစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြေညာခြင်း

မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉၅၁ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အောက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လေလံတင်ရောင်းချသွားမည်ဖြစ်သဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်-

ပစ္စည်းစာရင်း

Lot No (1) မိတ္ထီလာမြို့၊ပြည်သာယာ(တောင်)ရပ်ကွက်၊ ကွင်းအမှတ် (ဂ/ပြည်သာယာတောင်)၊ဦးပိုင်အမှတ်(၈၇)၊ မြေကွက်အမှတ်(၈၇)၊ မြေဧရိယာ (၀.၀၄၂)ဧက ပေါ်ရှိ (၃၂ x ၄၄)ပေရှိ (၁)ထပ်အုတ်ညှပ်တိုက်နှင့်တွဲလျက်(၂၄x၁၀)ပေရှိ မီးဖိုဆောင်(ကြမ်းခင်းဈေး ၄၅၀ သိန်း)

Lot No (6) ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၁၃၂/ရုံးတော)၊ ဦးပိုင်အမှတ် (၁၂၇)၊ ယာမြေဧရိယာ(၀.၃၆)ဧက (ကြမ်းခင်းဈေးကျပ် ၁၃၀ သိန်း) မြေနှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာငွေကျပ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်-

(က)	**လျှောက်လွှာရောင်းချမည့်ရက်**	- ၂၆-၁၂- ၂၀၂၃ ရက် မှ ၄ -၁-၂၀၂၄ ရက်ထိ
(ခ)	**လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်**	- ၅ -၁ -၂၀၂၄ ရက် ၁၆:၀၀ နာရီ
(ဂ)	**လျှောက်လွှာ ရောင်းချမည့်နေရာ**	- မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး
(ဃ)	**လေလံဖွင့်မည့်ရက်/အချိန်**	- ၉ -၁-၂၀၂၄ ရက်၊ ၁၀ နာရီ
(င)	**လေလံဖွင့်မည့်နေရာ**	- မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

အိတ်ဖွင့်လေလံနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၆၄-၂၂၂၃၀၅၆၊ ၀၆၄-၂၂၂၃၀၆၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးစီမံခန့်ခွဲရေးကော်မတီ
(မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/8895 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ် (၂၇၃၂+၂၇၃၃)၊ အကျယ်အဝန်း (၈၁ပေ x ပေ၆၀) ရှိ ဦးလှဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးတင်ထွန်း (၇/မညန(နိုင်)၀၄၅၄၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ် ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊လမ်းတံတားဌာနမှ ၂၀၂၃-၂၀၂၄ခု (ဧပြီလမှမတ်လ) ဘဏ္ဍာ နှစ် အောင်မြေသာစံမြို့နယ်၊ ပကိုးအင်းစီမံကိန်းလုပ်ငန်းအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအနက် သဲဖြည့်ခြင်းလုပ်ငန်း အတွက် လိုအပ်သော သဲဝယ်ယူခြင်းအား (Open Tender) အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က)	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	- (၂၆-၁၂-၂၀၂၃)ရက်
(ခ)	**တင်ဒါပုံစံရောင်းချခြင်းပိတ်သိမ်းမည့်ရက်**	-(၈-၁-၂၀၂၄)ရက်
(ဂ)	**တင်ဒါလက်ခံမည့်ရက်နှင့်အချိန်**	- (၉-၁-၂၀၂၄)ရက် နံနက်(၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီထိ
(ဃ)	တင်ဒါတစ်စောင်ဈေးနှုန်း	- ၁၀၀၀၀/-ကျပ်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့်အချက် အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန် အတွင်းလမ်းတံတားဌာန၊ ဖုန်း-၀၉-၄၃၁၈၁၂၈၁၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လမ်းတံတားဌာန
